# အန္တရာယ်ကင်းဂါထာပေါင်းချုပ်

(ဦးစောဝိထင်)

၁၀၂
၀

၁၈၆၇၃

# ပညာအလင်းပြ

# မူလပရိတ်တော် နှင့်

# အနန္တရာယ်ကင်း ဂါထာပေါင်းချုပ်

- ပရိတ်တော်ဖြစ်စဉ်ဝတ္ထု
- ပရိတ်တော် ပါဠိ
- ပရိတ်တော်၏ အကျိုးအာနိသင်များစုံလင်စွာပါသည်။
- သုတ်တော်ပေါင်း ၆၀ ကျော်ပါဝင်သည်။
- ပါဠိရွတ်ဖတ်ပုံ အသံထွက်ညွှန်းပါသည်။

## စီစဉ်သူ ပါဠိဆရာကြီးဦးအောင်တင်

[ ဒုတိယအကြိမ် ]

ESTD
1920

ပညာအလင်းပြ

သက္ကရာဇ်
၁၂၀၀

ပညာအလင်းပြ [illegible]
အမှတ် - ၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် လေးဆယ့်[illegible]
ရန်ကုန်မြို့ (ပုဇွန်တောင်စာတိုက်) ဖုန်း—၉၀၉၂၇။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် – ၃၉–၉၀ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၁–၉၀ (၅)
၁၉၉၀–ခုနှစ်၊ ဇွန်လ

ပုံနှိပ်ခြင်း — ဒုတိယအကြိမ်
တန်ဖိုး — ၂၅–ကျပ်
အုပ်ရေ — ၁၀၀၀
အဖုံးဒီဇိုင်း — ပန်းချီစိန်လွင်
အဖုံးရိုက် — ရွှေပြည့်စုံ
အဖုံးဘလောက် — အဝင်း (၃၈) လမ်း

ထုတ်ဝေသူ
ဦးမြသန်း (၁၁၀၅၀)
အသိုင်းအဝိုင်းစာပေ၊ ဇွဲစုံရပ်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စိန်နွဲ့
ရွှေပြည့်စုံအော့ဖ်ဆက် ပုံနှိပ်တိုက်
အမှတ် - ၃၄၊ ၁၅၇ - လမ်း၊ တာမွေ၊
ရန်ကုန်မြို့။

# ထုတ်ဝေသူ အမှာ

အမျိုးဘာသာ သာသနာနှင့် ပညာကိုးပွား အကျိုးများ ဒေသော စာပေများကို ကြိုးစား ထုတ်ဝေ ဖြန့်ဖြူးလာခဲ့သော **ပညာအလင်းပြစာပေတိုက်** အနေနှင့် ဘာသာရေးစာပေများကို မှုမှန် မှုသန့်ဖြစ်အောင် ကြိုးစား ဆောင်ရွက်ခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင် မှန်သမျှ နံနက် အိပ်ရာထချိန် အိပ်ရာဝင်ချိန်များတွင် ဘုရားပုထိုး ရှိခိုးကန်တော့ကာ ပန်း - ရေချမ်း-သစ်သီး - ဆီမီးများ ကပ်လှူ ပူဇော်ပြီး နိဗ္ဗာန်ဆုကို တောင်းကြသည်၊ ပရိတ်တော် ဒေသနာများ ရွတ်ကြသည်၊ ၃၁-ဘုံအတွင်းရှိ သတ္တဝါ အားလုံးကို မေတ္တာပို့သ၍ အမျှ ပေးဝေလေ့ ရှိကြသည်။

ထိုသို့ ရွတ်ဖတ် ပူဇော်ကြသူများအနက် အလွတ်ရကြသူ များရှိသလို အလွတ် ကျက်မှတ်မထားနိုင်သူတို့လည်းရှိရာ ဝတ်ရွတ်စဉ် စာအုပ်များ အားကိုးဖြင့်သာ ကြည့်၍ ရွတ်ဆိုသူများများ ကြုံရလေရာ ထိုပုဂ္ဂိုလ်များအဖို့ ပါဠိ-ပါဠိသား မှန်ကန်စွာဖြင့်

# ထုတ်ဝေသူအမှာ

စံနစ်တကျ လက်စွဲပြုနိုင်သော ဗေဒအုပ်တစ်အုပ် စီစဉ်ပေးပါရန် ပညာအလင်းပြစာပေ တိုက်၏ အတိုင်ပင်ခံ ပါဠိဆရာကြီး ဦးအောင်တင်အား ပန်ကြားခဲ့ပါသည်။

ပန်ကြားချက်ကို စီစဉ်ပေးသူ ဆရာကြီး ဦးအောင်တင်သည် မူလပရိတ်ကြီး ၁၁-သုတ်နှင့်တကွ ရှေးဆရာကြီးများ စုဆောင်းထားခဲ့သော လောကုတ္တရာအကျိုး လောကီ အကျိုး နှစ်မျိုး တိုးပွားစေနိုင်သော အဖိုးတန် ဂါထာတော်မြတ်များကိုပါ စီစဉ်ပေးသည့်ပြင်....

ကျက်မှတ် ရွတ်ဖတ်သူများအတွက် အခက်အခဲမရှိ လွယ်ကူစေရန် ခက်ခဲမည်ထင်ရသော ပါဠိအသံထွက်များကို မြန်မာလို အသံထွက် ညွှန်း၍ (က)မှ (အ) ထိ စီစဉ်ပေးထားပါသဖြင့် ကြည်ညိုစွာ ရွတ်ဆိုနိုင်ကြပါစေရန် ရည်သန် ထုတ်ဝေ ဖြန့်ချိလိုက်ရပါကြောင်း။

"ပညာအလင်းပြစာပေ"

# မာတိကာ


၁။ စိစဉ်သူ၏ အမှာစာနိဒါန်း

၂။ ပရိတ်တော်နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများ – ၅

၃။ ပရိတ်ရွတ်ဖတ်တတ်ရန် သင်ကြားသင့်ပုံ – ၈

၄။ ကြည်ညိုဖွယ် ရွတ်ဖတ်တတ်ရန် – ၁၀

၅။ ပရိတ်ရွတ်ဆိုသူ၏ အင်္ဂါရပ်များ – ၁၂

၆။ ပရိတ်နာသူ၏ အင်္ဂါရပ်များ – ၁၃

၇။ နေ့အလိုက် ပရိတ်ရွတ်ခြင်းများ – ၁၃

၈။ ပရိတ်နိဒါန်း(ခေါ်)နတ်ပင့် – ၁၇

၉။ မင်္ဂလသုတ်တော်ဖြစ်စဉ်ပါဠိတော်အကျိုးသွား – ၁၉

၁၀။ ရတနသုတ်တော်ဖြစ်စဉ် ပါဠိတော်နှင့်အကျိုးသွား ၂၄

၁၁။ မေတ္တသုတ်တော် ။ ။ ။ – ၃၂

၁၂။ ခန္ဓသုတ်တော် ။ ။ ။ – ၃၇

၁၃။ မောရသုတ်တော် ။ ။ ။ – ၃၉

၁၄။ ဝဋ္ဋသုတ်တော် ။ ။ ။ – ၄၄

၁၅။ ဓဇဂ္ဂသုတ်တော် ။ ။ ။ – ၄၇

၁၆။ အာဋာနာဋိယသုတ်တော် ။ ။ – ၅၄

၁၇။ အင်္ဂုလိမာလသုတ်တော် ။ ။ – ၆၀

၁၈။ ဗောဇ္ဈင်္ဂသုတ်တော် ။ ။ – ၆၅

၁၉။ ပုဗ္ဗဏှသုတ်ဟော် ။ ။ – ၆၈

# ထုတ်ဝေသူအမှာ

စနစ်တကျ လက်စွဲပြုနိုင်သော စာအုပ်တစ်အုပ် စီစဉ်ပေးပါရန် ပညာအလင်းပြစာပေတိုက်၏ အတိုင်ပင်ခံ ပါဠိဆရာကြီး ဦးအောင်တင်အား ပန်ကြားခဲ့ပါသည်။

ပန်ကြားချက်ကို စီစဉ်ပေးသူ ဆရာကြီး ဦးအောင်တင်သည် မူလပရိတ်ကြီး ၁၁-သုတ်နှင့်တကွ ရှေးဆရာကြီးများ စုဆောင်းထားခဲ့သော လောကုတ္တရာအကျိုး လောကီ အကျိုး နှစ်မျိုး ကိုးပွားစေနိုင်သော အဖိုးတန် ဂါထာတော်မြတ်များကိုပါ စီစဉ်ပေးသည့်ပြင်....

ကျက်မှတ် ရွတ်ဖတ်သူများအတွက် အခက်အခဲမရှိ လွယ်ကူစေရန် ခက်ခဲမည်ထင်ရသော ပါဠိအသံထွက်များကို မြန်မာလို အသံထွက် ညွှန်း၍ (က)မှ (အ) ထိ စီစဉ် ပေးထားပါသဖြင့် ကြည်ညိုစွာ ရွတ်ဆိုနိုင်ကြပါစေရန် ရည်သန် ထုတ်ဝေ ဖြန့်ချိလိုက်ရပါကြောင်း။

"ပညာအလင်းပြစာပေ"

# မာတိကာ


၁။ စီစဉ်သူ၏ အမှာစာနိဒါန်း
၂။ ပရိတ်တော်နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများ – ၅
၃။ ပရိတ်ရွတ်ဖတ်တတ်ရန် သင်ကြားသင့်ပုံ – ၈
၄။ ကြည်ညိုဖွယ် ရွတ်ဖတ်တတ်ရန် – ၁၀
၅။ ပရိတ်ရွတ်ဆိုသူ၏ အင်္ဂါရပ်များ – ၁၂
၆။ ပရိတ်နာသူ၏ အင်္ဂါရပ်များ – ၁၃
၇။ နေ့အလိုက် ပရိတ်ရွတ်ခြင်းများ – ၁၃
၈။ ပရိတ်နိဒါန်း(ခေါ်)နတ်ပင့် – ၁၇
၉။ မင်္ဂလသုတ်တော်ဖြစ်စဉ်ပါဠိတော်အကျိုးသွား – ၁၉
၁၀။ ရတနသုတ်တော်ဖြစ်စဉ် ပါဠိတော်နှင့်အကျိုးသွား ၂၄
၁၁။ မေတ္တသုတ်တော် ။ ။ ။ – ၃၂
၁၂။ ခန္ဓသုတ်တော် ။ ။ ။ – ၃၇
၁၃။ မောရသုတ်တော် ။ ။ ။ – ၃၉
၁၄။ ဝဋ္ဋသုတ်တော် ။ ။ ။ – ၄၄
၁၅။ ဓဇဂ္ဂသုတ်တော် ။ ။ ။ – ၄၇
၁၆။ အာဋာနာဋိယသုတ်တော် ။ ။ – ၅၄
၁၇။ အင်္ဂုလိမာလသုတ်တော် ။ ။ – ၆၀
၁၈။ ဗောဇ္ဈင်္ဂသုတ်တော် ။ ။ – ၆၅
၁၉။ ပုဗ္ဗဏှသုတ်တော် ။ ။ – ၆၈

# မာတိကာ

၂၀။ ဗောဇ္ဈင်(၇)မျိုးအကြောင်းနှင့် ၁
ဗောဇ္ဈင်သုတ်တော်များ – ၇၂
၂၁။ အာဋာနာဋိယသုတ်တော်(၂)မျိုးအကြောင်း – ၇၉
၂၂။ ပရိတ်ကြီး(၁၁)သုတ်နှင့် အဓိဋ္ဌာန် – ၇၉
၂၃။ ဓမ္မစကြာသုတ်နှင့် အနတ္တလက္ခဏာသုတ်ဖြစ်စဉ်
ပါဠိတော်အကျိုးသွား– ၈၃
၂၄။ ပဋ္ဌာန်း ၂၄–ပစ္စည်းဖြစ်စဉ်ပါဠိတော် ။ – ၁၀၆
၂၅။ ငါးရံ့မင်း ပရိတ်တော်ဖြစ်စဉ်ပါဠိတော် ။ – ၁၃၀
၂၆။ မဟာဝေဒဗ္ဗမန္တန်ဖြစ်စဉ် ပါဠိနှင့်တော် ။ – ၁၃၅
၂၇။ ဟေမဝတသုတ်တော်ဖြစ်စဉ်ပါဠိတော် ။ – ၁၄၃
၂၈။ မဟာသမယသုတ်တော်ဖြစ်စဉ်
ပါဠိတော်အကျိုးသွား – ၁၄၉
၂၉။ ဆဒ္ဒိသာပါလသုတ်တော် ။ ။ – ၁၆၆
၃၀။ ခရဏသုတ်တော် ။ ။ – ၁၇၀
၃၁။ ပဒိမိတ္တဇာလသုတ်တော် ။ ။ – ၁၇၆
၃၂။ အဘိဏှသုတ်တော် ။ ။ – ၁၇၉
၃၃။ စိန္တာမဏိဂါထာတော် ။ ။ – ၁၈၁
၃၄။ ရှင်သီဝလိဂါထာတော် ။ ။ – ၁၈၅
၃၅။ ရှင်ဥပဂုတ်ဂါထာတော် ။ ။ – ၁၉၁
၃၆။ ပထဝီဇယမန္တန်တော် ။ ။ – ၁၉၆
၃၇။ သဗ္ဗဇယမင်္ဂလာဂါထာတော် ။ – ၁၉၈

၃၈။ သက်တော်မြဲဂါထာတော်ဖြစ်စဉ်နှင့်အကျိုးသွား - ၂၀၁
၃၉။ သက်တော်ရှည်ဂါထာတော် ။ ။ - ၂၀၃
၄၀။ သက်တော်တည်ဂါထာတော် ။ ။ - ၂၀၅
၄၁။ လွန်ပြည်တော်ပြန်ဂါထာတော်။ ။ - ၂၀၈
၄၂။ ရတနာ့ရွှေချိုင့်ဂါထာတော် ။ ။ - ၂၁၂
၄၃။ ဂေါတမစက်ပရိတ်သုတ်တော် ။ ။ - ၂၁၅
၄၄။ နှစ်ကျိပ်ရှစ်ဆူစက်ပရိတ်တော် ။ ။ - ၂၁၈
၄၅။ သမ္ဗုဒ္ဓေဂါထာတော် ။ ။ - ၂၂၀
၄၆။ ကုသိုလ်ကံပွင့်ကံမြှင့်ဂါထာတော်။ ။ - ၂၂၃
၄၇။ ဓာတ်ကြီးလေးပါးဂါထာတော်။ ။ - ၂၂၆
၄၈။ ဗုဒ္ဓါဒိ ဂုဏာဇ္ဈရဂါထာတော် ။ ။ - ၂၂၈
၄၉။ တ-သ-ဥ-ခ-ဂါထာတော် ။ ။ - ၂၃၀
၅၀။ ဣစ္ဆန္တေဂါထာတော် ။ ။ - ၂၃၁
၅၁။ နမောငါးချက်ဂါထာတော် ။ ။ - ၂၃၂
၅၂။ ဘုရားငါးဆူဂါထာတော် ။ ။ - ၂၃၃
၅၃။ သိရသ္မိံဂါထာတော်ကြီး ။ ။ - ၂၃၃
၅၄။ ရန်နှင်ဂါထာတော် ။ ။ - ၂၃၄
၅၅။ ၎းကိုးချက်ဂါထာတော် ။ ။ - ၂၃၅
၅၆။ သံရှစ်ချက်ဂါထာတော် ။ ။ - ၂၃၇
၅၇။ သစ္စာပန္နက်အောင်ရှစ်ချက်ဂါထာတော်နှင့်
အကျိုးသွား - ၂၃၈

# မာတိကာ


၅၈။ စက်ကြီး ၁၃-ပါးဂါထာတော်နှင့် အကျိုးသွား- ၂၃၇

၅၉။ သိကြားသက်စောင့်ဂါထာတော် ။ - ၂၃၉

၆၀။ ဝရုဏနတ်မင်းကြီး ရန်နှင်ဂါထာတော် ။ - ၂၃၉

၆၁။ ပဇာပတိနတ်မင်းကြီးစစ်ထွက်ဂါထာတော် ။ - ၂၄၀

၆၂။ ဤသာန နတ်မင်းကြီး ရန်အောင်ဂါထာတော်- ၂၄၁

၆၃။ နှစ်ကျိပ်ရှစ်ဆူ ဂါထာတော်တော် ။ - ၂၄၁

၆၄။ အောင်စကြာဂါထာတော်တော် ။ - ၂၄၂

၆၅။ ဘေးလွတ်ရန်ကွာကောင်းကျိုးဖြာဂါထာတော်- ၂၄၃

၆၆။ အောင်ခြင်းရှစ်ပါးအချုပ်ဂါထာတော် ။ - ၂၄၃

၆၇။ နမောတော ဂါထာတော် ။ - ၂၄၄

၆၈။ ကျစွာမင်းကြီး လက်သုံးဂါထာတော် အကျိုးသွား - ၂၄၅

၆၉။ သုဂတောငါးချက်ဂါထာတော် ။ - ၂၄၆

၇၀။ မေတ္တာပို့ခြင်းနှင့်အမျှဝေစာတမ်း - ၂၄၈

၇၁။ အရပ်ဆယ်မျက်နှာ စည်းချဂါထာများ - ၂၄၉

၇၂။ ပါဠိပါဌ်ဆောင့် အသံထွက်ရွတ်ဖတ်ပုံအညွှန်း - ၂၅၀


မာတိကာ ပြီး၏။

# ပါဠိဆရာကြီး ဦးဖောင်တင် ၏

# နိဒါန်း

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ လူတိုင်းလိုလိုပင် မိမိတို့၏ ဘဝစည်းစိမ် အိုးအိမ်ချမ်းသာ ပြည့်စုံစွာဖြင့် နေထိုင်လိုကြသည်မှာ ဓမ္မတာသဘောအတိုင်းပင် ဖြစ်သည်။

ထို့ထက် တစ်ဆင့်တိုး၍ ဤလူ့ဘဝမျိုး၊ ဤစည်းစိမ်မျိုးနှင့် ပြည့်စုံစွာ နေရင်းထိုင်ရင်း လောကီမှလွန်မြောက် လောကုတ္တရာ အကျိုးထူးတရားကို ထိုးဖောက်သိမြင် နိဗ္ဗာန်ဝင်နိုင်ရန် လမ်းစကို ရှေးနှစ်ပေါင်း ထောင်သောင်း ကျော်မှ စ၍ ကြံစည်ခဲ့ကြသည်။

ထို ကြံစည်ကြသူများထဲတွင် သင်္ချေ, သင်္ချာ ကမ္ဘာပေါင်းများစွာပါရမီတော်ဖြည့်၍ ရင့်ကျက်သော ဘုန်းတော်, ကံတော်, ဉာဏ်တော်, သမ္ဘာတော် အနန္တဖြင့် ဂေါတမ ဗုဒ္ဓဘုရားရှင် ဟူ၍ ပွင့်ထွန်း ပေါ်ပေါက်လာကာ ဝေနေယျများစွာ သတ္တဝါတို့ကို ကယ်တင် ခြွေချွတ်လျက် ဓမ္မလမ်းစဉ်တော် ချပေးခဲ့ရာ ထိုလမ်းစဉ်တော်ဖြင့် လူ့ဘဝမှာလည်း စည်းစိမ်မပျက်၊ မဂ်, ဖိုလ်

ရရေးအတွက်လည်း တိကျခိုင်လုံသော ဒေသနာတော် များကို ထားတော်မူခဲ့လေသည်။

ယင်း ဒေသနာတော်နှင့် အညီ သမထ, ဝိပဿနာ ပွားများ ကာဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်သွားကြသူတို့ကား အများ အပြားပင် ရှိခဲ့ကြောင်း ဗုဒ္ဓဝင်, မဟာဝင်တို့၌ ထင်ရှားစွာ လေ့ လာ တွေ့ရှိရချေ၏။

ထို ကျွတ်တမ်း ဝင်သွား ကြသူတိုင်း၏ လမ်းစဉ်ကို လိုက်၍ လောကီ မင်္ဂလာမပျက် လောကုတ္တရာအကျိုး ထွက်စေရန် ကျင့်ကြံသိမှတ် ရွတ်ဖတ်ဖွယ်ရာ များစွာတို့အနက် အရေး အကြီးဆုံး အချက်မှာ ဗုဒ္ဓမန္တန်တော် ခေါ် ပရိတ်ကြီး (၁၁) သုတ် ပင် ဖြစ်ချေသည်။

ပရိတ်ကြီး (၁၁) သုတ်မှာ သုံးဖြာပိဋကတ် သင်ကြားလတ္တံ့ ရာ၌ စတင်သင်အံရွတ်ဆိုရသော ပရိယတ္တိအစ သာသနာ့ သင်ရိုး ညွှန်းတမ်း ဖြစ်ရသလို....

တစ်မင်္ဂ, တစ်ဖိုလ် ရပါလိုကြောင်း စိတ်ထားကောင်းဖြင့် ကြောင်း,ကျိုးဖြစ်ပျက် ဝင်ထွက်လေ အစ သမထနှင့် ဝိပဿနာ စခန်း တက်လှမ်းကျင့်ကြံ ကြံရာတွင်လည်း ကြိုတင်ပရိကမ္မ သင်အံရွတ်ဖတ် နေရာမှတ်၍ စည်းမြတ်ထားကာ ကျင့်ကြံရပါ သော ပရိယတ္တိ သာသနာတော်အတွက် ထိုက်ထိုက်တန်တန်ပင် အားကိုးဖွယ် ပရိတ်တော် ဖြစ်လေသည်။

ထို သာသနာပိဋကတ်တော် အခြေခံဖြစ်သော ပရိတ်ကြီး (၁၁) သုတ်ကို စနစ်တကျ ရွတ်ဖတ်ကြသူများ၊ ရွတ်နေကြသူ များ ရှိနေကြသော်လည်း ရာခိုင်နှုန်းအားဖြင့် နည်းပါးနေသေး သည်ဟု ယူဆရပါသဖြင့် အင်အားဖြည့်တင်း နိုင်ငံရေးအတွက် အထောက်အကူပြုရန် ဤပရိတ်တော်နှင့် အန္တရာယ်ကင်းဂါထာ ပေါင်းချုပ်ကျမ်း ဖြင့် ဝင်ရောက် အင်အား ဖြည့်တင်းရခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် နှံ့ပါက ဤအခြေခံ ပရိတ်ကြီး(၁၁)သုတ် ၏ အကြောင်းခံ သဘောတရားနှင့် အကျိုးများကို သိနားလည်ထိုက် ပေသည်။ အဘယ့်ကြောင့် ဆိုသော် ထိုသို့ သိနားလည်မှသာ ပရိတ်တော်ကို ရွတ်ဆိုရာတွင် သဒ္ဓါတရား ဖြစ်ပွားပေါ်ပေါက် လျက် အကျိုး ပြီးမြောက်နိုင်ခြင်းကြောင့်ဖြစ်ပေသည်။

ဤကျမ်း၌ ပရိတ်တော် (၁၁) သုတ်သာမက သိသင့် သိထိုက် မှတ်သင့်မှတ်ထိုက် ရွတ်သင့်ရွတ်ထိုက်သော ဗုဒ္ဓမုက္ခပါဠိ ပရိတ် တော်နှင့် ဂါထာများစွာကို ရှာဖွေစုဆောင်း၍ ကောင်းစွာစီစဉ် ထည့်သွင်း ပြုစုထားပါသည်။

ထိုသို့သော ပရိတ်တော်များ၏ မူလအခြေခံ အကြောင်း တရားများကိုလည်း ဖော်ပြလျက် အကျိုးများကိုလည်း ညွှန်ပြ ပေးထားပါသဖြင့် စနစ်တကျ ဖတ်ရှုလေ့လာကာ ကောင်းစွာ လေ့ကျင့်ပြီးမှ ဌာန်ကရိုဏ်းကျကျ ပီသစွာ ရွတ်ဆိုကြပါက မဟပ္ဖလအကျိုး အမျိုးမျိုးသော စည်းစိမ်ချမ်းသာ မင်္ဂလာတို့

နှင့် ပြည့်စုံကြလျက် တစ်မက်, တစ်ပိုလ်ရောက်ရန် ပါရမီအခြေခံ တို့ ရင့်သန်စွာ ပေါပေါက်ကြမည်ကား မုချမလွဲဟု အလေး အနက် ယုံကြည်ခံယူလျက် စွဲစွဲမြဲမြဲ အားခဲကာ ကြိုးစားရွတ်ဆို ပွားများကြစေလိုကြောင်း နှိုးဆော်အပ်ပါသတည်း။

ပါဠိဆရာကြီး ဦးအောင်တင်
ရန်ကုန်မြို့။

# ပရိတ်တော်နှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများ

"ပရိတ်တော်" ဟူသော စကားမှာ ပရိတ္တ ဟူသော ပါဠိမှ ဆင်းသက်လာခြင်း ဖြစ်သည်။

ပရိတ္တ၏ အနက်မှာ အရံအတားကို ဆိုလိုကြောင်း ပရိတ်တော်ကျမ်းများ၌ အတိအကျ ဖော်ညွှန်းထားပေသည်။ ယင်းကဲ့သို့ အဓိပ္ပာယ်ဖွင့်ပေးထားသဖြင့် ပရိတ်ရွတ်ဖတ်ကြသူ ဗုဒ္ဓဘာ်သာဝင် သူတော်စင်တို့အတွက် မမြင်ရသော ဘေးအန္တရာယ် အသွယ်သွယ်တို့သည် မပေါ်ပေါက် မကျရောက်စေရန် ကြိုတင်ကာဆီးလျက် "ဘေးကြီးမရောက် လွင့်ပြယ်ပျောက်၍ ကြီးမြောက်သိဒ္ဓိ တန်ခိုးရှိစေသော" အကျိုးအမြတ် ဖြစ်ထွန်းစေသည်ကို 'ပရိတ်တော်'ဟု ခေါ်ဆို သတ်မှတ် ရွတ်ဖတ်ခဲ့ကြသည် ဟူ၍ အနှစ်သာရအားဖြင့် ပြန်ဆိုရပေမည်။

ထို့ကြောင့် ပရိတ်တော်များကို ရှေးပညာရှိ ဆရာကြီးများက ဥုံ-ရှေကမံကာ "မန္တန်တော်မြတ်များ"ဟု ခေါ်ဝေါ်ရွတ်ဆို သုံးစွဲခဲ့ကြသလို အချို့ပညာရှင်များကလည်း ဩောင်း-တပ်ကာ လောကီသိဒ္ဓိ အမျိုးမျိုးကို ဖွင့်နှိုးပေါက်မြောက်စေရန် စီရင်သုံးစွဲခဲ့ကြပေသည်။

မည်သို့ပင်ဖြစ်စေ ပရိတ်တော်ဟု ခေါ်ခေါ်၊ ဂါထာတော်ဟု ခေါ်ခေါ်၊ မန္တန်တော်ဟု ခေါ်ခေါ် ယင်းပါဠိတော်များမှာ မြတ်စွာဘုရား၏ ပိဋကဒေသနာတော်များ ဖြစ်သဖြင့် မှန်မြတ်လှသည်၊ တန်ဖိုးရှိလှသည်ဖြစ်ရာ—

ဗုဒ္ဓပရိတ်တော် မန္တန်တော်များ အကြောင်း သိအောင် နားလည်အောင် ဖတ်ခြင်း,မှတ်ခြင်း,ရွတ်အံခြင်းဖြင့်လည်းကောင်း၊ ရွတ်ရာ, ဖတ်ရာ, ပွားများရာ၌ ကြည်ညိုသဒ္ဓါ ပီတိဖြာသောစိတ်ဖြင့်လည်းကောင်း ရွတ်ဖတ်ပါလျှင် ဗုဒ္ဓ၏ အလိုတော်ကျ မင်္ဂလာတရားတော်နှင့် ကိုက်ညီသောသူဖြစ်ကြောင်း ဂုဏ်ယူနိုင်ပါသည်။

ထိုနည်းတူစွာ စနစ်တကျ ရွတ်ဖတ်ပွားများသူတို့၏ ပရိတ်တော်, မန္တန်တော် အသံကို မိမိကယုံယုံကြည်ကြည် လေးလေးစားစားဖြင့် သဒ္ဓါတရား ရှေ့ထားကာ နားကြားပါလျှင်လည်း ဗုဒ္ဓအလိုတော်ကျ မင်္ဂလာတရားတော်နှင့် ကိုက်ညီသောသူဖြစ်ကြောင်း ဂုဏ်ယူနိုင်ပါလိမ့်မည်။

ဗုဒ္ဓသာသနာ အဓွန့်ရှည်ကာ ကမ္ဘာသို့ ပျံ့နှံ့စေလိုသော ဗုဒ္ဓဘာသာဝင် အကြွင်သူတော်စင် အပေါင်းတို့သည် မိမိတို့နှလုံးသည်းပွတ်၌ အလေးအနက်ပင် သက်ဝင်ယုံကြည်နေကြရန်လည်း အထူးလိုအပ်လှပါသည်။ ယုံကြည်ချက်ဟူသည် အရာရာတိုင်း၌ ပင်မအားပေး တန်ခိုးကြီးပင်ဖြစ်သည်။

သို့ရာတွင် ဗုဒ္ဓသာသနာ ဗုဒ္ဓဘာသိတ ဒေသနာတော်များကို ဇွတ်မှိတ်၍ ယုံကြည်ရန် မတိုက်တွန်း၊ လက်တွေ့ ကျင့်သုံးခြင်းဖြင့် ဘယ်သို့ အကျိုးဖြစ်ထွန်းစေသည်ကို တိတိကျကျ ညွှန်ကြား၍ သာလျှင် ယုံကြည်အားထားရမည် ဖြစ်ပါသည်။

# ပရိတ် ရွတ်ဖတ်ကျက်ရန် သင်ကြားသင့်ပုံ

ဗုဒ္ဓပရိတ်တော်များသည် မြန်မာစကားပြေဖြင့် မဟုတ်ဘဲ မာဂဓဘာသာ ဂါထာ, စုဏ္ဏိယ ပါဠိတော်ဖြင့် ရှိနေလေရာ ယေဘုယျအားဖြင့် ပရိတ်ရွတ်ဖတ်ကြသူများသည် ပါဠိဘာသာနှင့် မနီးစပ် အလှမ်းဝေးနေ ကြသူများသာ ဖြစ်နေကြသဖြင့် ရွတ်ရာ ဖတ်ရာ၌ ပထမတွင် မချောမွေ့ မပီသဘဲ ရှိနေကြမည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် ဤအချက်မှာ ခက်ခဲလှသော ကိစ္စ မဟုတ်ချေ၊ ပါဠိတော်နှင့်မနီးစပ် အလှမ်းဝေးသည် ဆိုခဲ့ခြင်းမှာ ပါဠိတော်နှင့် ပါဠိဘာသာ သင်ယူသူများ မဟုတ်ကြသည့် ဗုဒ္ဓဘာသာဝင်မဟုတ် သူတို့အတွက် ဆိုလိုရသော်လည်း ဗုဒ္ဓဘာသာဝင်တို့သည် မကြားဖူးလောက်အောင် နားစိမ်းနေကြသူများ မဟုတ်ကြချေ။

မိမိတို့ အိမ်ဦးခန်းတွင် ကိုးကွယ်ရန် ဘုရားအနေကဇာတင်သောအခါများ၊ သဒ္ဓါသွမ်းကျေးသော အခါများ၊ အခါကြီးနေ့ကြီးများတွင် ရပ်ကွက်အတွင်း စုပေါင်း ပရိတ်ရွတ် ကြသောအခါများ၊ အသံမစဲ ပဋ္ဌာန်းပွဲရွတ်သောအခါများတွင် ကြားဖူးနာဖူးနေသော အသံများဖြစ်သဖြင့် ကိုယ်တိုင်ရွတ်ဆိုမှု မပြုဖူး

သေးလျှင်သာ ခက်ခဲမှု ရှိပြီး စတင် လေ့ကျင့် ရွတ်ဖတ်သော အခါတွင်မူ အချိန်မကြာမြင့်မီ တတ်မြောက် နိုင်လေသည်။

ထိုသို့ တတ်မြောက်နိုင်ရေးအတွက် မိမိတို့ ကိုးကွယ်ရာ ဆရာတော်များ, သံဃာတော်များထံ၌ လည်းကောင်း၊ ရပ်ကွက်တွင်း ရှိ ပရိတ်သင်းတွင် ပါဝင်ရွတ်ဆိုကာ ခေါင်းဆောင် ပရိတ်ဆရာ ၏ အထံတွင် လည်းကောင်း သင်ကြားပါက ဧကန်ပင် တတ်မြောက်သွားမည် ဖြစ်ပေသည်။

ယခုအခါ သာသနာရေးဦးစီးဌာန သံဃနာယကအဖွဲ့ ဆရာတော်များ စီစဉ်ပေးသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ မြို့နယ်အနှံ့၊ ရပ်ကွက်အနှံ့ သင်ကြားပေးနေပြီဖြစ်ရာ လူမျိုးမရွေး၊ ကျား, မ မရွေး၊ အရွယ်မရွေး သင်ကြားပေးနေသောကြောင့် ယင်း သင်တန်းများကို တက်ရောက် သင်ကြားပါက ပရိတ်တော် ပါဠိရွတ်ဖတ် နည်းများကို တတ်သိနားလည် လာမည် ဖြစ်ပေသည်။

အခြေခံသင်တန်းဖြစ်သဖြင့် မှုမှန်ကျကျ စနစ်နှင့်တတ်ကြစေရန် သင်ကြားပေးနေခိုက် တက်ရောက် သင်ကြားလျက် ပရိတ်တော်ရွတ်ဖတ်ပုံ, ရွတ်ဖတ်နည်းသာမက ဘာသာရေး ဗဟုသုတများကိုပါ ရအောင် စုဆောင်းထားသင့် လှပေသည်။

နွေရာသီ ကျောင်းပိတ်ရက်တိုင်း သင်ကြား ပေးနေသော သင်တန်းဖြစ်သဖြင့် ကျောင်းသူ, ကျောင်းသားများရော မိဘများပါ တက်ရောက် သင်ကြားခြင်း အားဖြင့် ပရိတ်ရွတ်ဖတ် နည်းကို စာတွေ့ရော ကိုယ်တွေ့ပါ တတ်မြောက် နိုင်လေသည်။

သံနေ သံထား လေယူလေသိမ်းတို့မှာ စာနှင့်ရေးပြခြင်းထက် ကိုယ်တွေ့ အသံထွက်ကို ကြားရမှ ပိုမို၍ မှန်ကန်မည် ဖြစ်ပေသည်။ ဝတ်ရွတ်သံသည် ညီညာဖြိုးဖြိုး သပ်ရပ်ခန့်ထည် ဖြစ်ပါမူ ကြားရသူ၏ ဟာဒယနှလုံးတွင် စွဲငြိလျက် ကြည်နူးမှု ရသလို ကျောစိမ့်အောင်ပင် ခံစားရပြီးသကာလ အာရုံသက်ဝင်လာကြသည့် အစွမ်းသတ္တိထူး ရှိပေသည်။

# ကြည်ညိုဖွယ် ရွတ်ဖတ်တတ်ရန်

ဗုဒ္ဓရှင်တော်ဘုရား၏ ပရိတ်ဒေသနာတော်များသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ဗုဒ္ဓကိုယ်စား ထားခဲ့သော အဆုံးအမတော်များ ဖြစ်သဖြင့် ကြည်ညိုဖွယ် ဖြစ်အောင် ရွတ်ဖတ်မှသာ လေးစားရာ ရောက်ပေမည်။

ထို့ကြောင့် ပရိတ်တော် ဒေသနာကို ရွတ်ဖတ်သရဇ္ဈာယ်မည့် ပုဂ္ဂိုလ်များသည် အောက်ပါ အချက်အလက်များကို လိုက်နာသင့်ပေသည်။

(၁) ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ရေချိုးခြင်း၊

(၂) လျှော်ဖွပ်ပြီး သန့်ပြန့်သော အဝတ်ကို ဝတ်ဆင်ခြင်း၊

(၃) ဝမ်းဗိုက်တောင့်တင်း မအောင့်အင်းစေရန် သင့်တင့်ရုံမျှသာ စားသောက်ထားခြင်း၊

(၄) ပတ်ဝန်းကျင် ဆူညံမှု မဖြစ်ရန် စီစဉ်ထားခြင်း၊

(၅) ရွတ်ဖတ်မည့် နေရာ သန့်ရှင်းစွာ သုတ်သင်ထားခြင်း-
တို့ ဖြစ်စေသင့်ပေသည်။

ဤကဲ့သို့ သန့်ပြန့်စွာ စီစဉ်ထားသော နေရာတွင် သန့်ရှင်းစင်ကြယ်စွာ ရေချိုး၊ သန့်ပြန့်စွာဝတ်ဆင်ထားသော ခန္ဓာကိုယ်ဖြင့် မြတ်စွာဘုရားကို အာရုံပြု ရွတ်ဖတ်သင့်သည်။

ဗုဒ္ဓရုပ်ပွားတော်နှင့်လည်း မနီးလွန်း မဝေးလွန်းသော နေရာဖြစ်သင့်သည်။

ပရိတ်ရွတ်သူ၌ ပြည့်စုံရမည့် အင်္ဂါ (၃) ရပ်ကိုလည်း ရှေးဆရာကြီးများ၏ ကျမ်း အသီးသီးတို့တွင် ပြဆိုထားပေသည်။
ထို အင်္ဂါ (၃)ရပ်မှာ-

၁။ ပရိတ်တော်၏ ပါဠိအက္ခရာများကို စနစ်တကျ အသံထွက် ပီပြင်အောင် ဌာန်, ကရိုဏ်း ကျကျ ရွတ်ဖတ်တတ်ခြင်း၊

၂။ မိမိရွတ်ဖတ်သော ပရိတ်တော်အပေါ်၌ ယုံကြည်မှုရှိခြင်း၊ ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာ သိရှိနားလည်ခြင်း၊

၃။ မိမိ ပရိတ်ဒေသနာ ကြားနာသူတို့ အပေါ်၌ မေတ္တာ, ကရုဏာ အပြည့်အဝဖြင့် လာဘ်လာဘကို မငဲ့ကွက်ဘဲ ရွတ်ဖတ်ခြင်း-

စသည်တို့နှင့် ပြည့်စုံရမည် ဖြစ်လေသည်။ ထိုအင်္ဂါရပ်များ နှင့် ညီညွတ်စွာ ရွတ်ဖတ်ပါက များစွာသော ကောင်းကျိုး အမျိုးမျိုးတို့ ရရှိနိုင်လေသည်။

## ကြည်ညိုဖွယ်ရာ ပရိတ်နာသူ

ပရိတ်ရွတ်ဖတ်သူ၌ အင်္ဂါ(၃)ပါး ရှိသလို ပရိတ်နာသူများလည်း အင်္ဂါ (၃) ပါးနှင့် အညီ နာယူသူမှ အကျိုးရှိလေသည်။ ဤ အချက် အလက် တို့ကိုလည်း သိရှိထားမှသာ ပရိတ်တော်ဗုဒ္ဓမန္တန်၏ အကျိုးကျေးဇူးတရားကို ခံစားနိုင်ကြရပေမည်။

ပရိတ်နာယူသူတို့၌ ရှိရမည့် အင်္ဂါရပ် (၃) ပါးမှာ–

(၁) လေးစားကြည်ညိုစွာ နာကြားခြင်း၊

(၂) အယူမှားသော မိစ္ဆာဒိဋ္ဌိ ဝါဒတို့မှ ကင်းလွတ်ခြင်း၊

(၃) စူးစိုက်ယုံကြည် စွဲမြဲစွာ မှတ်သားခြင်း။

ထိုအင်္ဂါရပ်များနှင့် ပြည့်စုံမှသာ ပရိတ်တော်ဒေသနာ နာရခြင်းအကျိုး အပြည့်အဝ ရရှိနိုင်လေသည်။

## ပရိတ်တော် ရွတ်ဆိုသူတို့၏ အင်္ဂါရပ် သံပေါက်

(၁) ခန္ဓာတွင်း၌ပြင်၊ သန့်ရှင်းစင်၊ ကြို၍တင်ဆောင်ရွက်ကြ။

(၂) ဝတ်စားဖွယ်စွာ၊ ဝတ်ဆင်ကာ၊ သန့်စွာထိုင်ကုန်ကြ။

(၃) အစာအာဟာရ၊ သင့်တင့်မျှ၊ စားကြတစ်နည်းပြ။
(၄) ဆိတ်ငြိမ်ချမ်းသာ၊ဖြစ်ဖို့ရာ၊ကောင်းစွာဆောက်တည်ကြ။
(၅) ရွတ်ဖတ်နေရာ၊ သပ်ရပ်စွာ၊ ကောင်းစွာ သုတ်သင်ကြ။

## ပရိတ်ရွတ်သူများ ရှိအပ်သည့် နောက်ဆက်တွဲ အင်္ဂါ (၃) ရပ် သံပေါက်

(၁) အသံဌာန်,ကရိုဏ်း၊ စာလုံးတိုင်း၊ ဖြတ်ပိုင်းအိုတတ်ကြ။
(၂) မိမိရွတ်ဆို၊ ပရိတ်ကို၊ ကြည်ညိုသက်ဝင်ကြ။
(၃) ပရိတ်ရွတ်ခြင်း၊ မေတ္တာနှင်း၊ မယွင်းလာဘ်ရှောင်ကြ။

## ပရိတ်နာသူတို့တွင် ရှိရမည့် အင်္ဂါရပ် သံပေါက်

(၁) လေးစားကြည်ညို၊ နာယူလို၊ စိတ်ကိုမြှင့်တင်ကြ။
(၂) အယူမမှန်၊ မိစ္ဆာရန်၊ တစ်ဖန်ရှောင်ရှားကြ။
(၃) ယုံကြည်လေးနက်၊ ခံယူချက်၊ အားတက်မှတ်သားကြ။

## နေ့အလိုက် ပရိတ်ရွတ်ခဲ့ကြပုံ

ဗုဒ္ဓမန္တန် ပရိတ်ဒေသနာတော်များကို နေ့အလိုက် သတ်မှတ်
လျက် တနင်္ဂနွေ နေ့မှသည် စနေနေ့တိုင်အောင် အလှည့်ကျ

ရွတ်ဆိုသော အစီအစဉ် တစ်ရပ်ကိုလည်း ရှေးဆရာမြတ်တို့ သတ်မှတ် ထားခဲ့ဖူးလေသည်။

အဖွဲ့အစည်းအလိုက် ဝတ်အသင်းများက အခါအားလျော်စွာ စုပေါင်း ရွတ်ဆိုကြရာ၌ ရွတ်ဆိုရသော နေရာနှင့် ရွတ်ဆိုရခြင်း၏ မူလ အစ်က အကြောင်းရင်းကို လိုက်၍ သုတ်တော် အနည်းအများကို အလျဉ်းသင့်သအောင် စီစဉ် ရွတ်ဆိုကြရမြဲ ဖြစ်သည်။

တစ်ဦးတစ်ယောက်တည်း မိမိဘာသာ နေအိမ်မှာ ရွတ်ဆိုကြသူများသော နေ့အလိုက် သတ်မှတ်ရွတ်ဆိုခြင်းကို သုံးစွဲကြရန် ဖြစ်သည်။ ပရိတ်တော်ကို နေ့အလိုက် ရွတ်ဆိုရန် ရှေးဆရာတို့ စီစဉ်ခဲ့ပုံမှာ—

၁။ တနင်္ဂနွေနေ့တွင်— သမန္တာ မှစ၍ မင်္ဂလသုတ်အကုန်ထိ၊

၂။ တနင်္လာနေ့တွင်— ရတနသုတ်၊

၃။ အင်္ဂါနေ့တွင်— မေတ္တသုတ်၊

၄။ ဗုဒ္ဓဟူးနေ့တွင်— ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊

၅။ ကြာသပတေးနေ့တွင်— ဓဇဂ္ဂသုတ်၊

၆။ သောကြာနေ့တွင်— အာဋာနာဋိယသုတ်၊

၇။ စနေနေ့တွင်— အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်။

ပရိတ်တော်များနေ့အလိုက်ရွတ်ဆိုပြီးတိုင်း မေတ္တာပို့ရမည်၊ အမျှဝေရမည်။

အချို့က တနင်္ဂနွေ ပရိတ်တစ်သုတ်မှ သုံးသုတ်ထိ ရွတ်၍ မေတ္တာပို့၊ အမျှဝေသည်။

တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး ပရိတ်တော်တစ်သုတ် လက်ကျန်ကို ရွတ်၍ အခြားပရိတ်များကို ရွတ်ဖတ်ကြသည်။ ဒေသအလိုက်၊ အသင်းအဖွဲ့အလိုက် မိမိတို့ သဘောတူ ညီညွတ်သလို ရွတ်ဆိုကြသည်။

ဗုဒ္ဓ၏ မုက္ခပါဌ်ပါဌ်တော် ဒေသနာများသည် ဘယ်နေ့ ဘယ်အချိန်ပဲ ရွတ်ရွတ် လွတ်လပ်သလို ပြုလုပ်သည်နှင့် တပါတည်း ပြုလုပ်သူကို အကျိုးပေးသဖြင့် မည်သည့်နေ့ဟု သတ်မှတ်ပြဋ္ဌာန်းသော ဥပဒေသမရှိ "ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ဟူသော အဆုံးအမအရ ထာဝရ အချိန်တိုင်း ဒေသနာ အဆုံးအမ တစ်ခုခုကို သက်ဝင်နေခြင်းသည်သာ ပဓာနဖြစ်သည်။

ဌာန်–သိ–မေတ္တာ၊ ရွတ်သူမှာ၊
ယုံ–သိ–ကံကွာ၊ နာသူမှာ၊
သုံးစီအင်္ဂါ၊ မှတ်ကျန်ပါ။

# ပရိတ်နိဒါန်း ခေါ် နတ်ပင့်

ပရိတ်တော် ဗုဒ္ဓမန္တန်များ မရွတ်ဖတ်မီ ဦးစွာ သာသနာတော်စောင့် နတ်များကို ပင့်ဖိတ်ရလေသည်။ ဤကဲ့သို့ ပင့်ဖိတ်၍ ရွတ်ဖတ်ခြင်းကြောင့် ဒါနမှု, သီလမှု, ဘာဝနာမှုများကို လူသားများကဲ့သို့ ပိုင်ပိုင်နိုင်နိုင် အားမထုတ် နိုင်ရှာကြသော နတ်ဒေဝါများသည် ကြားရာ သိရာ အရပ်က လာရောက်၍ ပရိတ်ဒေသနာကို နာကြားခွင့်ရကြလေသည်။ သာသနာတော် အပေါ်၌လည်း ပို၍ ကြည်ညို လာလေတော့သည်။ သာသနာတော် အစွန့်ရှည်ရေးအတွက် မိမိတို့နတ်ဘဝမှ တတ်နိုင်သမျှ ကူညီဝိုင်းဝန်း ပြုစုကြပေသည်။

ထိုနတ်ဒေဝါများ၏ ကုသလကမ္မ ကောင်းကျိုးပြု လုပ်ငန်းမှန်သမျှ မိမိတို့က ဖိတ်ကြား ရွတ်ဖတ်ပေးသော ဗုဒ္ဓမန္တန်ခေါ် ပရိတ်တော်များက အကြောင်းခံသည် ဖြစ်ရာ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူသော ဗုဒ္ဓဘာသိတ ပါဠိတော်အရ ပရိတ်မန္တန်တော် ရွတ်ဖတ်သူတို့၏ အမွန်မြတ်ဆုံး အသာလွန်ဆုံးသော ဓမ္မဒါနတရားကြီးဖြစ်ပေသည်။

ထိုအကျိုးတရားကို ရရှိသော နတ်ဒေဝါ များမှာလည်း ရွတ်ဖတ်သူ မိမိတို့အပေါ်၌ ကြည်ညိုစိတ်, ခင်မင်စိတ်, လေးစားစိတ်များ ဖြစ်ပွားပေါ်ပေါက်လာကာ ကျေးဇူးတင်ရှိစွာဖြင့် ဘေးအန္တရာယ်ကင်းအောင်, လိုရာဆန္ဒပြည့်ဝအောင် စောင့်မကြည့်ရှုကြမည်မှာ မလွဲမသွေ ဖြစ်သဖြင့် ပရိတ်မရွတ်မီမှာ နတ်ပင့် နတ်ဖိတ်ပြုခဲ့ကြခြင်း ဖြစ်ပေသတည်း။

ဆဋ္ဌသင်္ဂီတျာရုဠှာ

# ပရိတ္တပါဠိ

## ဆဋ္ဌသင်္ဂါယနာမူ-ပရိတ်ကြီးပါဠိတော်

### ပရိတ်နိဒါန်း ခေါ် နတ်ပင့်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာ-
သမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ, ဧတ္ထ
လောကန္တရေ ဝါ။ ။ဘုမ္မာ ဘုမ္မာ စ ဒေဝါ, ဂုဏ
ဂဏဂဟဏ, ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရ ကနကမယေ, မေရုရာဇေ
ဝသန္တော။ ။သန္တော သန္တောသ ဟေတုံ, မုနိဝရဝစနံ,
သောတုမဂ္ဂံ သမဂ္ဂါ။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မုနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဋကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိဝိစ္ဆိက-
မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခ-
သာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

# မင်္ဂလသုတ်တော် ဝတ္ထု ဖြစ်စဉ်

မင်္ဂလသုတ်တော်ဖြစ်ပေါ်ရာနေရာဒေသသည်ကား သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်းတော်တွင် ဖြစ်လေသည်။ ဂေါတမဗုဒ္ဓ ဘုရားသခင်သည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်မှာ စံနေခိုက်.... လူ့လောကတွင် မင်္ဂလာဆိုတာဘာလဲ ဟူသော ပြဿနာ ပေါ်ပေါက်ခဲ့လေသည်။

မည်သည့်အချက်သည် မင်္ဂလာဖြစ်သည်ဟု တိတိကျကျ မဆုံးဖြတ်ရသေးသောကာလဖြစ်သဖြင့် မိမိတို့ ထင်ရာ, မြင်ရာ, ကြိုက်ရာကို မင်္ဂလာ-ဟု စွဲလမ်း နေ ကြ သော အုပ်စုကြီး ( ၃ ) ခု ရှိလေသည်။

တစ်အုပ်စုမှာ ကြားသောအသံကို စွဲ၍ ရယ်မောသံ၊ ကျက်သရေရှိသော စည်မောင်းသံ၊ ခရုသင်းသံ စသော ဂုဏ်ရှိဖြစ်ပွယ်အသံကြားလျှင် မင်္ဂလာ-ဟု ဆို၏။

တစ်အုပ်စုက ကြားရုံနှင့် မင်္ဂလာ ဘယ်မှာ ဖြစ်ပါ့မလဲ၊ မျက်စိနှင့် တပ်အပ် ထင်ထင် မြင်မှသာ မင်္ဂလာ ဖြစ်မှာပေါ့၊ လှပသော ပန်းကို မြင်ခြင်း၊ စိန်-ရွှေ-ငွေ ရတနာ ဝတ် ဆင် ထား သော မိန်းမပျိုကို မြင်ခြင်း၊ ရေပြည့်သောအိုး, သွေးရောင် လှပ နွားမ ဝဝ စသည် တို့ကို မြင်မှ မင်္ဂလာဖြစ်သည် ဆိုပြန်၏။

ကျန် တစ်အုပ်စုက ကြားရုံ, မြင်ရုံနှင့် မင်္ဂလာ မဖြစ်သေး၊ ကိုယ်တိုင် ဒိဋ္ဌ မြင်တွေ့ရမှ မင်္ဂလာ ဖြစ်ရပေမည်။ ပန်း လှလှကို မြင်ရုံမဟုတ် လက်နှင့်ကိုင်၊ နှာခေါင်းနှင့် နမ်းရှုရမှ မင်္ဂလာ၊ ရေပြည့်အိုး မြင်ရတာထက် ရေကိုသောက်ရမှပေါ့၊ နွားမ ဝဝ မြင်ရတာထက် နွားနို့မလိုင်ခဲ စားရမှ မင်္ဂလာ-ဟု ဆိုကြ၏။

ထိုအုပ်စု ( ၃ ) စုသည် သူ့အယူ မှန်သည်၊ ကိုယ့်အယူ မှန်သည် ဟု ငြင်းခုံကြရာ တစ်ဖက်နှင့် တစ်ဖက် စင်မြင့်ဆောက်၍ ရက်ရှည်လများ ဟောပြောပွဲကြီးများ နှင့် ငြင်းခုံကြရာ လူပါမက ကိုယ်စောင့်နတ်ချင်းပင် ငြင်းခုံကြ၏။

ယင်းကဲ့သို့ ပြဿနာ စခဲ့ခြင်းမှ ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်များမှ တစ်ဆင့် အာလိန်ငါးဆင့်ကို ကျော်ကာ တာဝတိံသာ နတ်များထိ အုပ်စု ဖွဲ့ကာ ငြင်းခုံပွဲ ကူးစက် လာလေတော့၏။ ထိုသို့သော ပြဿနာ ကြီးမားမှုကြောင့် မည်သူမှန်သည်၊ မည်သူမှားသည် အဆုံးအဖြတ်ပေးပါရန် သိကြားမင်းထံဝင်၍ ရင်ဆိုင်ကြလေတော့သည်။

ဤတွင် သိကြားမင်းက ဤမင်္ဂလာကိစ္စသည် ကျယ်ဝန်းနက်နဲလှသည်၊ ငါလည်း အမှန်မသိ၊ ထို့ကြောင့် လူ့ပြည်တွင် ထင်ရှားပွင့်တော်မူနေသော ဂေါတမ မြတ်စွာဘုရားသည် သိရှိနိုင်ရာ၏၊ ဓမ္မတွေ စောင့်ကြ- ဟု ဆိုကာ နတ်သား တစ်ဦးအား ဘုရားရှင်ထံ မေးမြန်းရန် လွှတ်လိုက်လေသည်။

ထိုနတ်သား မေးလျှောက်ချက်အရ ဘုရားသခင် ပြန်လည် ဟောကြား ဖြေဆိုသော မင်္ဂလာတရား (၃၈) ပါး ပါဝင်သည့် ဤ မင်္ဂလသုတ်တော် ဖြစ်ပေါ်လာရခြင်း ဖြစ်လေသတည်း။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ဖြစ်ပေါ်လာပုံ ရှစ်လုံးဖွဲ့

မင်္ဂလာဟု ခေါ်ပြုထိုက်စွာ
ပြဟ္မာ,နတ်,လူ, ရှုံးစုများစွာ
ငြင်းခုံပွဲမှ ဗုဒ္ဓထံမှာ
လျှောက်တင်ရှင်း ထင်လင်းပေါ်ခဲ့တာ။

* * *

## ၁-မင်္ဂလသုတ်ပါဠိ

၁၀။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၁၁။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၁၂။ ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ

ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံအဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁၃။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၁၄။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၅။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၆။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၇။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၈။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၉။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၂၀။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၁။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၂။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၃။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၄။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

---

## မင်္ဂလသုတ်တော် ရွတ်ဖတ်ခြင်း အကျိုး

မင်္ဂလသုတ်တော်ကို အမြဲရွတ်ဖတ်ခြင်းဖြင့် မည်သည့်နေရာဒေသမှာနေနေ မင်္ဂလာပြည့်တင်း ဘေးရန်ကင်းရှင်း စေပါသည်။ မနာလိုသူများက မိမိအား မကောင်းကြံ၍မရ၊ မိမိ၏ အိမ်ထောင်ရေး၊ ပညာရေး၊ စီးပွားရေး အမြဲ အဆင်ပြေပြေ နေစေနိုင်သည်။ လောကီကြီးပွားရေးသာ မက လောကုတ္တရာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုပင် ရရှိနိုင်လေသည်။

# ရတနသုတ်တော် ဖြစ်စဉ်

ဘုရားဒါယကာ ဗိမ္ဗိသာရမင်းကြီး စိုးစံသော ရာဇဂြိုဟ်ပြည်နှင့် ရှစ်ယူဇနာကွာသော နေရာတွင် ဝေသာလီ တိုင်းပြည် ရှိ၏။ လိစ္ဆဝီမင်း စိုးစံ၏။ ထို တိုင်းပြည် နှစ်ပြည်၏ ဗဟို အလယ်တွင် ဂင်္ဂါမြစ် ခြားလျက် ရှိလေသည်။

ဂေါတမ မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်တွင် ဝါဆိုနေစဉ်က ဝေသာလီပြည်တွင် ကောက်ပဲသီးနှံများ စိုက်ပျိုးမရ၊ မိုးကြီး ခေါင်ကာ ဒုဗ္ဘိက္ခန္တရကပ် ဝေတ်မှတ် ခေါင်းပါးသော ဘေးကြီးဆိုက်ကာ အစာရေစာ မစားရ၍ သေကြေပျက်စီးကြသည်။

အသေအပျောက် များလာသောအခါ လူသေကောင်များကို သုသာန်မပို့နိုင်တော့ဘဲ မြို့ထဲမှာ ပုပ်ပွနေလေ တော့သည်။ ထိုအနံ့ကြောင့် မြို့ပြင်မှ ဘီလူး, သရဲများ မြို့ထဲဝင်ကာ စားသောက်ကြတော့သည်။

ထိုဘီလူး, သရဲများကို မှီ၍ ကပ်ရောဂါများ ပိုမိုဖြစ်ပွားကာ ဝေသာလီတစ်ပြည်လုံး စိုးရိမ်ဖွယ်ရာ ချောက်ချားလာလေတော့သည်။

တိုင်းသူပြည်သားများက လိစ္ဆဝီမင်းများအပေါ် မင်းကျင့်တရား ညီ, မညီ စုံစမ်းသောအခါ မင်းကျင့်တရားလည်း မချွတ်ယွင်း၊ လိစ္ဆဝီမင်းများကလည်း တိုင်းသူပြည်သားများ ဖောက်ပြားကြလေသလော စစ်မေးရာ ဖောက်ပြားမှုမရှိ၊ ကြံရာမရသည့်

အဆုံး ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီးထံ အကူအညီ တောင်းကာ ဂေါတမမြတ်စွာဘုရားအား မဟာကရုဏာရှေ့ထား ကာ ကြွင်နာသနားသဖြင့် ကယ်ဆယ်တော်မူပါရန် ဗိမ္ဗိသာရ မင်းကြီးမှတစ်ဆင့် တောင်းပန် ပင့်ဖိတ်ရတော့သည်။

ယင်းသို့ ပင့်ဖိတ်လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ညီတော်အာနန္ဒာနှင့်တကွ ရဟန္တာငါးရာ ခြံရံလျက် ဝေသာလီ ပြည်သို့ ကြွချီတော်မူလေသည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးက ကျောင်းတော် မှ ဂင်္ဂါမြစ်ကမ်းထိ ဝေသာလီပြည်သို့ ကြွချီရန် မင်းခမ်းမင်းနား ဖြင့် ပို့ဆောင် ပူဇော်လေသည်။

လိစ္ဆဝီမင်းတို့ကလည်း လှပစွာ မွမ်းမံ ခြယ်လှယ် စီမံထား သော လှေတော်ကြီး ၂-စင်းတွဲဖြင့် မင်းခမ်းမင်းနားဖြင့် ထည် ဝါခန့်ညားစွာ ပင့်ဆောင်လာကြသည်။

မြတ်စွာဘုရားသခင်အား ပင့်ဆောင်ခဲ့ကြသော လိစ္ဆဝီမင်း တို့၏ လှေဖောင်ကြီး ဝေသာလီဆိပ်ကမ်းဘက်သို့ ရောက်သည် နှင့် တစ်ပြိုင်နက် မိုးသားတိမ်လိပ်များ တရိပ်ရိပ် တက်လာကာ ကောင်းကင်အလုံး မိုးထစ်ချုန်းလျက် တအုံးအုံး အော်မြည် ၍ မိုးကြီးသည်းထန်စွာ ရွာချလေတော့သည်။

ဝေသာလီ တစ်ပြည်လုံး ရေလွှမ်းပုံးပြီး လူသေအလောင်း ကောင်များသည် ရေထဲ မျောပါသွားကြတော့သဖြင့် မြို့အတွင်း သန့်ရှင်းကျန်ရစ် တော့သည်။ အနံ့အသက်များပါ ကင်းသွား လေတော့၏။

မြတ်စွာဘုရားသည် နောက်ပါ ရဟန်းတော်များ ခြံရံလျက် ဝေသာလီမြို့ တံခါးဝတွင် ရပ်လျက် ရဟန်းတော်များနှင့်အတူ ရတနသုတ်တော်ကို ရွတ်ဆိုတော်မူသည်။ သိကြားမင်းနှင့် နတ်မင်းကြီးများ လာရောက်၍ တရားနာယူကြသည်။

ထိုမှတစ်ဆင့် မြို့လယ်ရှိ ရတနာမဏ္ဍပ်သို့ ကြွတော်မူရာ ရဟန္တာငါးရာနှင့်နတ်ဒေဝါများ လိုက်ပါပူဇော်ကြသဖြင့် သရဲ, တစ္ဆေ, ခြေဘုတ်ဘီလူးတို့ ဝေးရာသို့ ပြေးကြလေတော့သည်။

မြတ်စွာဘုရားသည် ဝေသာလီမြို့တွင်း ပတ်၍ ဒေသစာရီ ကြွချီကာ ရတနသုတ်တော် ရွတ်ဖတ်ခြင်းဖြင့် ကပ်ရောဂါများ ကင်းဝေးစေခဲ့သည်။ ယင်းသို့ ကင်းဝေးစေပြီးမှ ရာဇဂြိုဟ်မြို့သို့ ပြန်လည် ကြွချီလာခဲ့သည်။ ဤတွင် ရတနသုတ်တော် ဖြစ်ပေါ်၍ ရွတ်ဆိုခဲ့ကြပါသတည်း။

* * *

## ၂- ရတနသုတ်ပါဠိ

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ

ဓမ္မစက္ကပ္ပဝတ္တနံ့နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ-

၂၆။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပမန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၂၈။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၃၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊

ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၁။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၂။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကည မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ။
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၂။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၆။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမမာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၇။ သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၃၈။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

*  *

## ရတနသုတ်တော် ရွတ်ဖတ်ခြင်း အကျိုး

ရတနသုတ်တော်ကို အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ကပ်ကြီး သုံးပါးကို ကျော်နင်းစေနိုင်သည်။ စုန်း ကဝေ တစ္ဆေ များ မပြုစားနိုင်။ အချုပ်အနှောင်အဖွဲ့များက ကင်းလွတ်စေနိုင်သော တန်ခိုးသတ္တိ ရှိလေသည်။

# မေတ္တာသုတ်ပရိတ်တော် ဖြစ်စဉ်

သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌.... ဂေါတမ မြတ်စွာဘုရား သီတင်းသုံး စံနေတော်မူစဉ် ငါးရာသောရဟန်း အစု တစ်စုသည် တစ်ခုသော ဝါဝင်ခါနီး ကာလ၌ မြတ်စွာ ဘုရားသခင်အား ဖူးမြော်ရှိခိုး၍ ကမ္မဋ္ဌာန်းနိဿယများ ယူကာ တောအုပ် တစ်ခုတွင် ဝါဆိုလျက် ကမ္မဋ္ဌာန်းတရား အားထုတ် ကြလေသည်။

ရဟန်းတော်များသည် တောအုပ်အနီး ရွာများတွင် နံနက် ဆွမ်းကို ပြည့်စုံစေလျက် ညအခါမှာ တောအုပ်တွင်းရှိ သစ်ပင် ကြီးများကို မှီခိုကာ တစ်ပင်လျှင် တစ်ပါးကျ သီတင်းသုံး၍ တရားကျင့်တော်မူကြလေ၏။ ထိုအချိန်တွင်.... သစ်ပင်ပေါ်ရှိ ရုက္ခစိုးများသည် ရဟန်းတော်များ၏ အထက်တွင် မနေဝံ့ကြ သဖြင့် မြေပြင်တွင် ဆင်း၍ ဒုက္ခခံကာ နေထိုင်ကြရလေသည်။

အချို့ရုက္ခစိုးများမှာ ကလေးငယ်များရှိကြသဖြင့် ရဟန်း တော်များ တစ်နေ့ ပြန်နိုး တစ်ရက် ပြန်နိုးဖြင့် စောင့်စား နေ ပါသော်လည်း ရှတ်တရက် မပြန်တော့သဖြင့် အချင်းချင်း ညှိ နှိုင်းကာ ငါးရာသော ရဟန်းတို့ ကြောက်လန့် ထွက်ပြေး စေ ရေးအတွက် ကြောက်မက်ဖွယ်ရာ ဘီလူးကြီး၊ နဂါးကြီးသဏ္ဌာန် ပြ၍ လည်းကောင်း၊ ထိတ်လန့်ဖွယ်ရာ အသံဆိုး အသံနက် ကြီး များဖြင့် လည်းကောင်း၊ ရွံရှာဖွယ်ရာ အပုပ်နံ့ကြီး များ ဖြင့် လည်းကောင်း ခြောက်လှန့် ဖျက်ဆီးကြတော့သည်။

ရဟန်းတော်များသည် တစ်ပါးစီ ခြောက်လှန့် ခံကြရသည် ဖြစ်ရာ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရာတွင် သမာဓိ မရနိုင်တော့သည့်အဆုံး ခေါင်းဆောင်မထေရ်ကြီးအားအသိပေးလျက် မြတ်စွာဘုရား ရှိရာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ပြန်လာခဲ့ကြလေသည်။

ဘုရားသခင်၏ ရှေ့မှောက်၌ ဖြစ်ပျက်ပုံ အကြောင်းများကို လျှောက်ထားသည့်အခါ ရှင်တော်မြတ်ဘုရားက ရဟန်းငါးရာတို့ကို မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းကြစေရန် မေတ္တာသုတ်တော်ကို ဟောပေါ်သင်ကြား၍ ယင်းတောအုပ်သို့ပင် ပြန်လည်စေလွှတ်လိုက်လေသည်။

မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်း၍ မေတ္တာသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်သွားသော ရဟန်းတော်ငါးရာကို ရုက္ခစိုးနတ်တို့သည် မနာလိုစိတ်များ ပျောက်ကွယ်၍ လူ သဏ္ဌာန် ဖန်ဆင်းလျက် ခရီးဦး ကြိုသူကြို၊ ခြေဆေးသူက ဆေး၊ သပိတ်ပွေ့သူက ပွေ့နှင့် လုပ်ကျွေးကြကာ ဝါကျွတ်သည့်အခါတွင် ရဟန်းငါးရာတို့မှာ ကောင်းစွာတရားထူးရသည်မှ စ၍ မေတ္တာသုတ်တော် ဖြစ်ပေါ်ရွတ်ဖတ်ခဲ့ကြပါသတည်း။

အလျဉ်းသင့်၍ လူတို့၌ မထားသင့်မထားအပ်သော ဗုဒ္ဓ၏ အဆိုအမိန့် တစ်ရပ်ကို ထပ်မံတင်ပြလိုပါသည်။ ‘‘ပဋိဃနိမိတ္တဉ္စ၊ မနှစ်သက်အပ်သော အနိဋ္ဌာရုံသည်လည်းကောင်း။ အယောနိ-သော မနသိကာရော စ၊ မသင့်မတင့် နှလုံးသွင်းခြင်းသည် လည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဒေါသဿ၊

ဒေါသ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ပစ္စယာ၊ အကြောင်းတို့ကား။ ဣမေ ဒွေ၊ ဤ နှစ်ပါးတို့သာလျှင်တည်း။—

ဟု ဆိုပါသည်။ ဒေါသ၏ မူလ ရင်းမြစ်ကို ပယ်သတ်၍.... မေတ္တာ ပွားနိုင်ရန် လိုအပ်လှပါကြောင်း ထပ်ဆောင်း တင်ပြအပ်ပါသတည်း။

* * *

# ၃- မေတ္တသုတ်ပါဠိ

၄၆။ ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ’မတန္ဒိတော။

၄၇။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၄၈။ ကရဏီယမတ္ထကုသလေန၊
ယန္တံ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၄၉။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ’နနုဂိဒ္ဓေါ။

၅၀။ နစ ခုဒ္ဒ'မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၅၁။ ယေ ကေစိ ပါနဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ'နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅၂။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၅၃။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၅၄။ မာတာ ယထာ နိယံ ပုတ္တ-
မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၅၅။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ’ မသပတ္တံ။

၅၆။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ’ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ’မေတံ ဝိဟာရ’ မိဓ မာဟု။

၅၇။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊
န ဟိ ဇာတု’ဂ္ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

* * *

## မေတ္တာသုတ်တော် ရွတ်ဖတ်ရခြင်း အကျိုး

မေတ္တာသုတ်တော်ကို အမြဲမပြတ် ရွတ်ဖတ် သရဇ္ဈာယ်လေ့ ရှိသူတို့မှာ အပယောက ပယောဂ အခြောက်အလှန့်မခံရခြင်း၊ အနာရောဂါ ကင်းခြင်း၊ အိပ်မက်ဆိုး၊ နိမိတ်ဆိုး၊ အတိတ်ဆိုး များ မတွေ့ကြုံရခြင်း၊ လူ၊ နတ် အများ ချစ်ခင် ကြခြင်း၊ အဆိပ်

လက်နက်မထိုးရခြင်း၊ ရှုံးသွပ်သော ဝေဒနာ ကင်းခြင်းမှ စ၍ ဖြတ်ဘုံရောက်သည်အထိ အကျိုးပေးနိုင်စွမ်းရှိလေသည်။

---

## ခန္ဓသုတ်တော် ဖြစ်စဉ်

သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံး နေတော်မူကြသော ရဟန်းတော်များအနက် တစ်ညဉ့်တွင် ရဟန်း တစ်ပါးကို မြွေခဲ၍ ပျံလွန်တော်မူလေသည်။ ယင်းအကြောင်းကို မြတ်စွာဘုရား သိရှိတော်မူလေသော် ဝိရူပက္ခ-စသော မြွေ ၄-မျိုးကို မေတ္တာပို့သော ခန္ဓသုတ်တော်ကို ရွတ်ဖတ်ခြင်းဖြင့် အဆိပ် ရှိသော သတ္တဝါမှန်သမျှ မကိုက်ခဲကြကုန်-ဟု မိန့်တော်မူကာ ခန္ဓသုတ်တော်ကို ဟောတော်မူလေသည်။

# ၄· ခန္ဓသုတ်ပါဠိ

၅၈။ သဗ္ဗာသီဝိသ ဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရ၊ သေသဉ္စာပိ ပရိဿယံ။

၅၉။ အာဏာခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၆၀။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။

ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။

၆၁။ အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

၆၂။ မာ မံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

၆၃။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။

သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကဉ္စိ ပါပ’မာဂမာ။

၆၄။ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဗူ မူသိကာ။

၆၅။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။

သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခန္ဓသုတ္တံ နိဋ္ဌိတံ။

* * *

## ခန္ဓသုတ်ကောင် ရွတ်ဖတ်ရခြင်း အကျိုး

ခန္ဓသုတ်တော်ကို အမြဲသရဇ္ဈာယ်သူတို့မှာ မြွေ့ကင်းမှ စ၍ တောရိုင်းတိရစ္ဆာန်များ ကိုက်ခဲခြင်း၊ ရန်မူခြင်းဘေးမှ ကင်းဝေး ကြလျက် အဆိပ်သင့်ခြင်းဘေးမှလည်း ကင်းဝေးစေလေသည်။

---

## မောရသုတ်တော် ဝတ္ထု ဖြစ်စဉ်

မြတ်စွာဘုရား စံတော်မူရာ သာဝတ္ထိပြည်မှ ဇေတဝန် ကျောင်းတော်နေ ရဟန်းတစ်ပါးသည် မြို့လိမ်း ဆင်ယင် အလှ ပြင်ဆင်လာသော မိန်းမပျိုတစ်ဦးကို မြင်၍ စွဲလမ်း တပ်မက်သော စိတ်ဖြင့် ရဟန်းတရားများကို အားမထုတ်နိုင် ဖြစ်နေလေရာ.... သီတင်းသုံးဖော် ရဟန်းတော် များက ထိုရဟန်းအား ခေါ်၍ မြတ်စွာဘုရားထံပို့ပြီး အကြောင်းစုံလျှောက်ထားကြလေသည်။

ဘုရားရှင်က.... ထိုရဟန်းတော်ကို ''ချစ်သား၊ သင်သည် မာတုဂါမကို စွဲလမ်းသော စိတ်များဖြင့် တရားတော်၌ မမွေ့ လျော်ခြင်း မှန်ပါသလား''ဟု မေးလေရာ မှန်ပါကြောင်း ပြန် ပြောင်း ဝန်ခံလေသည်။

ထိုအခါ ဘုရားရှင်က ''မာတုဂါမကို စွဲလမ်းသောစိတ်သည် နှစ်ပေါင်း ခုနစ်ရာ စင်ကြယ်စွာ နေလာခဲ့သော သူတော်ကောင်း ကိုပင် ကိလေသာစိတ်ဖြင့် တုန်လှုပ် ချောက်ချားစေတတ်၏''ဟု

အစချီကာ ကိုယ်တော်တိုင် နုစဉ်အခါက ကြုံခဲ့ရသော မောရသုတ်တော်ကို ဟောဖော် မိန့်ကြားတော်မူလေသည်။

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး၏ကြင်ယာတော် ခေမာ မိဖုရားကြီးသည် "ရွှေအဆင်းရှိသော ဥဒေါင်းမင်း၏ တရားကို နာယူရသည်"ဟု အိပ်မက်မြင်လတ်သဖြင့် ခင်ပွန်း လင် ဖြစ်သူ ဗြဟ္မဒတ် မင်းကြီးအား ရွှေဥဒေါင်းမင်းထံမှ တရား နာယူ လိုကြောင်း ပူဆာလေသည်။

မင်းကြီးသည် တိုင်းပြည်အတွင်းရှိ မုဆိုးများကို ဆင့်ခေါ်မေးမြန်းရာ ဒဏ္ဍကမည်သော တောင်ထွတ်၌ ရွှေရောင် ပဝင်း လှပတင့်တယ်ခြင်းရှိသော ဥဒေါင်းမင်းရှိပါကြောင်း သံတော်ဦးတင်သဖြင့် "မနာမကျင်စေဘဲ အရှင် ရအောင် ဖမ်းယူရမည်"ဟု အမိန့်တော် ချမှတ်လေသည်။

ဒဏ္ဍက ရွှေတောင်ရှိ ဥဒေါင်းမင်းကြီး သည်ကား.... နံနက် အိပ်တန်းမှ ဆင်းလျှင် သင်းချင်း နေမင်းကြီးအား အရိုအသေ ပေးလျက် "ဥဒေတယံ" အစချီသော ဂါထာကို ရွတ်ဆို ပြီးမှ အစာရှာလေ့ရှိသည်။ ညနေပိုင်းမှာ ဝင်လုဆဲဆဲ နေမင်းကြီးအား အရိုအသေပေးလျက်"အပေတယံ"အစချီသော ဂါထာတော်ကို ရွတ်ဆိုပြီးမှ အိပ်တန်းတက်လေ့ရှိလေသည်။

ထိုနိစ္စ ဗတ်ဝတ် မပျက်ခြင်းကြောင့်.... မုဆိုးများက နည်းအမျိုးမျိုးဖြင့် အရှင် ရအောင် ညွှတ်ကွင်း ထောင်၍ ဖမ်းပါသော်လည်း မမိနိုင်ဘဲ ဖြစ်၍နေလေသည်။

ခေမာ မိဖုရားကြီးမှာလည်း ထိုရွှေဥဒေါင်းမင်းထံမှ တရား နာလိုစိတ်နှင့်ပင် ခုနစ်နှစ်တိုင်တိုင် စောင့်ပါသော်လည်း ဆန္ဒ မပြည့်ဝဘဲ နတ်ရွာစံရရှာလေသည်။

ဗြဟ္မဒတ်မင်းကြီးလည်း ဤရွှေဥဒေါင်းကို အကြောင်းပြု၍ ခေမာမိဖုရားကြီး နတ်ရွာစံရသည်ဟု စိတ်နာကာ "ဒဏ္ဍက ရွှေ တောင်ရှိ ရွှေဥဒေါင်းမင်းအသားကို စားရပါက မအိုနိုင်၊ မနာ နိုင်၊ မသေနိုင်"ဟု ရွှေပေလွှာ ကမ္ပည်းထိုး၍ ထားခဲ့ပြီး နတ်ရွာ လားလေသည်။

ထို့နောက် မင်း ၆-ဆက်တိုင်တိုင် ရွှေပေလွှာအရ ဖမ်းကြ သော်လည်း မမိနိုင်ဘဲ နှစ်ပေါင်း ခုနစ်ရာတိုင် ကြာလာခဲ့လေ တော့သည်။

ခုနစ်ဆက်မြောက်မင်းလက်ထက် ရွှေဥဒေါင်းမင်းကြီးအား ဖမ်းရန် တာဝန်ကျသော မုဆိုးမှာ လိမ္မာ ပါးနပ်သူ ဖြစ်သဖြင့် ရွှေဥဒေါင်းမင်းကြီး၏ အဆင်းအတက်ကို သတိဖြင့် ကြည့်ရှုကာ နေ့စဉ်ပြုနေကျအရာအတား ပျက်ပြားအောင်ကြံလေတော့သည်။

ဒေါင်းမ လှလှကလေး တစ်ကောင်ကို ရှာကြံ မွေးမြူ သင်ယူ ပြီးခါ တောတွင်းသို့ခေါ်လာပြီး ဥဒေါင်းမင်းကြီး အိပ်တန်း အဆင်းမှာ ညွှတ်ကွင်းများ ထောင်လျက် အသံပေးလိုက်လေ တော့သည်။

ဒဏ္ဍက တောင်ထိပ်ပေါ်မှ နေမင်းကြီးအား အရိုအသေ ပေး၍ 'ဥဒေတယ' ဂါထာ ရွတ်ရန် ဆင်းလာသော ဥဒေါင်း မင်းကြီးမှာ မသံ ကြားသဖြင့် ဂါထာ မရွတ်အား တော့ဘဲ

ခေါင်းမလေးထံ ဆင်းအလာ ညွတ်ကွင်းမှာ မိ၍ အဖမ်းခံရကာ ရွှေနန်းတော်တွင်းသို့ ရောက်ရှိလာလေတော့သည်။

ဘုရင်မင်းမြတ်၏ မေးခွန်းအရ မိမိ၏အသားကိုစား၍ 'မအို မနာ-မသေ'ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ မိမိမှာ လွန်လေပြီး သော အတိတ်ဘဝက ဤတိုင်းပြည်မှာပင် စကြဝတေး မန္ဒတ် မင်းဖြစ်စဉ်က သီလစောင့်ထိန်းခဲ့၍ ယခုကဲ့သို့ ရွှေရောင်အဆင်း ပဝင်း၍ လှပတင့်တယ်ကာ အသက်ခုနစ်ရာ ရှည်ရကြောင်းနှင့် သီလ,ဒါန တရားများကို ဟောကြားကာ မင်္ဂလာဥယျာဉ် ရေ ကန်တော်တွင်းမှ စကြာပုံ့ရတနာကို ထုတ်ဖော်ကာ ပေးလိုက် လေသည်။

ဘုရားအလောင်းတော် ဥဒေါင်းမင်းဖြစ်စဉ် ဘဝက ဟော ကြားသော တရားတော်ကို နာယူရသည့် ရဟန်းတော်များမှာ ကိလေသာ ကင်းကွာ၍ ရဟန္တာ ဖြစ်သွားလေသည်။ မြတ်စွာ ဘုရား ဟောကြားချက်အရ ပြန်လည် ပေါ်ပေါက်လာသော မောရသုတ်ခေါ် ပရိတ်တော်ကို ရွတ်ဖော်ပွားများခဲ့ကြပါသည်။

*　　*　　*

# ၅-မောရသုတ်ပါဠိ

၆၆။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။

၆၇။ စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
"ဗြဟ္မမန္တ"န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၆၈။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၆၉။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ။

၇၀။ အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

၇၁။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော ဝါသ မကပ္ပယိ။

မောရသုတ္တံ နိဋ္ဌိတံ။

# ဝန္ဒသုတ်တော် ဝတ္ထု ဖြစ်စဉ်

မြတ်စွာဘုရားသည် တပည့်သား သံဃာတော် တို့နှင့် အတူ မာဂဓတိုင်းအတွင်း ဒေသစာရီ လှည့်လည်တော်မူရာ တစ်ခုသော တောနက်အရောက်တွင် တောမီးကြီးလောင်သည်နှင့် ပက်ပင်းပါ တိုးမိကြလေသည်။

သစ်ပင်ကြီးများ တဝုန်းဝုန်းလဲကျအောင် လောင်ကျွမ်းသော တောမီးကြီး၏ အရှိန်ကို မြင်တွေ့ရသော ရဟန်းတော်များမှာ.... ဆောက်တည်ရာမရ တုန်လှုပ်ချောက်ချားကြ၍ အချို့က ပြေး လွှားရန် ကြံကြသည်။ အချို့က လျှိုမြောင် ချောက် ကြားမှာ ပုန်းအောင်းရန် ကြံကြသည်။ အချို့က မီးဖြတ်မီးတားလုပ်၍ လမ်းလွဲရန် ကြံကြသည်။ အားလုံးပင် ဂနာမငြိမ်ဖြစ်နေကြသည်။

ဤတွင် ဉာဏ်အမြော်အမြင်ရှိသော ရဟန်းတော်များမှာ.... “ငါတို့သည် မြတ်စွာဘုရားနှင့် အတူ တကွ ကြွလာကြသဖြင့် ဂနာမငြိမ်ရ မဖြစ်သင့်၊ ဘုရားရှင်၏ အထံတော် မှာသာ ခစား ကြ ကုန်အံ့” ဟု ဆိုကာ မြတ်စွာဘုရား ထံတော်ပါး၌ စုရုံးကာနေ ကြလေသည်။

အရှိန်အဟုန် ပြင်းစွာ လောင်ကျွမ်းလာသော တောမီးကြီး မှာလည်း မြတ်စွာဘုရားနှင့် ရဟန်းတော်များအနီး ၃၂-တောင် ပတ်လည်အကွာတွင် ဆက်ကာ မီးမလောင်တော့ဘဲ ငြိမ်းအေး သွားလေတော့သည်။

ဤဖြစ်ရပ်ကို မြင်ရသော ရဟန်းတော်များက မြတ်စွာဘုရားသခင်၏ ဘုန်းတန်ခိုးတော်ကို အံ့ဩ ချီးမွမ်းတော်မူကြလေလျှင် ဘုရားရှင်က "ဤ မီးတောက် မီးလျှံများ ငြိမ်းအေးရခြင်းသည် ငါ၏ဘုန်းတော် မဟုတ်၊ ရှေးယခင်အခါ ငါဘုရား နှစ်ဦးဘဝက သစ္စာပြုခဲ့သောနေရာဒေသဖြစ်၍ မည်သည့်နည်းနှင့်မျှမီးမလောင်နိုင်ချေ" ဟု မိန့်ကာ အတိတ်ဘဝကို ဟောတော်မူလေသည်။

ငါဘုရား နှုတော်မူစဉ်က ဤတောမှာပင် ငုံးငှက်ငယ် ဖြစ်ခဲ့လေသည်။ အတောင်အလက် မစုံသင်မီ မိဘများက နှုတ်သီးဖြင့် အစာခွံ့ရသည့်ဘဝတွင် ယခုလောင်သောမီးကဲ့သို့ တောမီးကြီး လောင်လေရာ တောတွင်းရှိ သက်ရှိသတ္တဝါမှန်သမျှ အသက်လွတ်ရေး ပြေးလွှား တိမ်းရှောင်၍ ဤတောကို စွန့်ခွာ သွားကြလေသည်။

အလောင်းတော် ငုံးငှက်ငယ်မှာ အသိုက်တွင်းမှနေ၍ ဤသို့သစ္စာပြု၏။

"ငါ့၌ အတောင်ရှိ၏၊ သို့သော် မပျံနိုင်သေး။ ငါ့၌ ခြေထောက်ရှိ၏၊ သို့သော် မသွားနိုင် မလှမ်းနိုင်သေး။ ငါ့၌ မိဘနှစ်ပါးရှိ၏၊ သို့သော် ဤနေရာ၌ မရှိ၊ စွန့်ခွာ သွားကြကုန်၏။ ဤ မှန်ကန်သော သစ္စာစကားကြောင့်.... ငါ့အား မီးဘေးမှ ကင်းလွတ်စေသတည်း"

ဟူ၍ သစ္စာပြုတော်မူ၏။ ထိုအခါ အလောင်းတော် ငုံးမင်း စံရာ အသိုက် သစ်ပင်နှင့် ၁၂-တောင်ကွာ ပတ်လည် အရောက် တွင်

တောမီးသည် ရေနှင့်တွေ့သကဲ့သို့ ငြိမ်းအေးခြင်းသို့ ရောက်ရှိခဲ့သည်။

ယခု ချစ်သားတို့နှင့်ငါဘုရား ရပ်တန့်နေသော ၃၂-တောင်ပတ်လည်ရှိ ဤနေရာသည် ထိုငုံးမင်း ဖြစ်စဉ်က စံကာ သစ္စာပြုခဲ့သည့်နေရာ ဖြစ်သောကြောင့် ဤဘဒ္ဒကပ်ကမ္ဘာ တည်အောင်သည်နေရာတွင် လုံးဝ မီးမလောင်နိုင်-ဟု ဟောဖော် ညွှန်ပြသည်က စ၍ ဝဋ္ဋသုတ်တော် ဖြစ်ပေါ် ရွတ်ဆိုခဲ့ကြပါသတည်း။

*　　　*　　　*

## ၆ - ဝဋ္ဋသုတ်ပါဠိ

၇၂။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

၇၃။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၇၄။ အတ္ထိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျ’နုဒ္ဒယာ။

တေန သစ္စေန ကာဟာမိ၊
သစ္စကိရိယ မုတ္တမံ။

၇၅။ အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ၊ သစ္စကိရိယ မကာသ’ဟံ။

၆။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၇။ သဟ သစ္စေ ကတေ မယှံ၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊
ဧသာ မေ သစ္စပါရမီ။

ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။

* * *

## ဝဋ္ဋသုတ်တော် ရွတ်ဖတ်ရခြင်း အကျိုး

ဤ ဝဋ္ဋသုတ်တော်ကို နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်သူတို့အား မီးကြောင့် ပျက်စီး ဆုံးရှုံးမှု မဖြစ်နိုင်။ မိမိ အိမ် မီးကင်းနိုင်၏။ တစ်ရပ်ကွက်လုံး စုပေါင်း ရွတ်ဆိုပါက တစ်ရပ်ကွက်လုံး မီးဘေး အန္တရာယ် ကင်းဝေးစေနိုင်၏။

---

## ဓဇဂ္ဂသုတ်တော် ဝတ္ထု ဖြစ်စဉ်

မြတ်စွာဘုရားသခင် အထံမှာ ကမ္မဋ္ဌာန်း ကျင့်နည်း များ ကို တောင်းခံ၍ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် လူသူ ကင်း

ရှင်း ဆိတ်ငြိမ်ခြင်း ရှိသည့် နေရာ တို့ကို ရွေးချယ်၍ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းကြသူများမှာ တစ်ခါတစ်ရံ စိတ်အား ငယ် တတ်ကြသည်။

တစ်ယောက်တည်း ဖြစ်နေသဖြင့် တုန် လှုပ် ချောက် ချား တရားမရနိုင်ဘဲ ကမ္မဋ္ဌာန်းအာရုံ ပျက်စီးသူများ ဘုရားရှင် လက် ထက်တော်က ပေါ်ပေါက်ခဲ့ဖူးလေသည်။

ထိုပုဂ္ဂိုလ်များအားလုံးအတွက် ဓဇဂ္ဂသုတ်တော်ကို ရှင်တော် ဘုရား ဟောကြားတော်မူလေသည်။

ဓဇဂ္ဂသုတ်တော်၏အဓိပ္ပာယ်မှာ သိကြားမင်းနှင့်အသူရာနတ်တို့ စစ်ခင်းကြသောအခါ အသူရာတို့က အင်အားကြီးမားလာသဖြင့် နတ်စစ်သည်များ ကြောက်ရွံ့ နောက်ဆုတ်လာခဲ့ကြသည်။

ထို နောက်ဆုတ် ကြောက်ရွံ့နေသော နတ်များကို သိကြား မင်းကြီးက 'မိမိ၏ အောင်လံ တံခွန် ထိပ်ဖျားကို ကြည့်ကြလော့' ဟု ကြွေးကြော်လိုက်လေသည်။ မိမိ၏ အလံတော်ကိုမမြင်ရပါက နတ်စစ်သူကြီးပဇာပတိ၏အလံတော်ထိပ်ဖျားကိုကြည့်ကြလော့။ သို့မဟုတ် ဝရုဏ နတ်စစ်သူကြီး၏ အလံတော်ကို ကြည့်ကြ ကုန် လော့။ သို့မဟုတ် ဤသာန နတ်စစ်သူကြီး၏ အလံတော် ကို ကြည့်ကြကုန်လော့'ဟု ကြွေးကြော်လိုက်ရာ.... နတ် စစ် သည် များသည် သိကြားမင်း၏အလံတော်ထိပ်ဖျားကိုလည်းကောင်း၊ နတ်စစ်သူကြီး ၃-ပါး၏ အလံတော် ထိပ်ဖျားကိုလည်းကောင်း ကြည့်၍ တိုက်ခိုက်ရာ အသူရာ စစ်သားများ တပ်လန့် ရှုံးနိမ့်ပြီး သိကြားမင်း၏ နတ်စစ်သည်များက အောင်ပွဲဆင်ခဲ့ကြလေသည်။

ယင်းအဖြစ်အပျက်ကို နမူနာယူ၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်လိုသူများသည်လည်း အားငယ်လာလျှင်၊ ကြက်သီးထလာပါလျှင် နတ်စစ်သည်များ သိကြားမင်း၏အလံတော်ထိပ်များကို ကြည့်၍ ရဲရင့်စိတ် သတ္တိများ ပေါ်လာကာ အောင်ပွဲရသကဲ့သို့-

ငါဘုရား၏ဂုဏ်တော်ကိုးပါး တည်းဟူသော ဘုရား အလံတော်၊ ဂုဏ်တော်ခြောက်ပါး ရှိသော တရားအလံတော်၊ ဂုဏ်တော်ကိုးပါးရှိသော သံဃာ့အလံတော် များကို စိတ်တွင် ရည်ရွယ် မှန်းဆ ကြည့်ညိုလိုက်ပါက ပေါက်မြောက်နိုင်လိမ့်မည်-ဟု သိကြားမင်း၏ အလံတော်နှင့် ဥပမာ တင်စား၍ မြတ်စွာဘုရား ဟောတော်မူသည့်အချိန်ကစ၍ ဓဇဂ္ဂသုတ်တော် ဖြစ်ပေါ်ရွတ်ဆိုခဲ့ကြပါသတည်း။

* * *

## ၇- ဓဇဂ္ဂသုတ္တပါဠိ

၇၈။ ယဿာနုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌမဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

၇၉။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၈၀။ ဧဝံ မေ သုတံ

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

၈၁။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။ "ဘဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ-

ဘူတပုဗ္ဗံ ဘိက္ခဝေ

ဒေဝါသုရသင်္ဂါမော သမုပဗျူဠှော အဟောသိ။

အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော ဒေဝေ တာဝတိံသေ အာမန္တေသိ-

"သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

ရှင်တော်ဘုရား ရာဇဂြိုဟ်ပြည် အနီး ဂိဇ္ဈကုဋ် တောင် ပေါ်တွင် စံပျော်နေခိုက် ၎င်း ဂိဇ္ဈကုဋ် တောင်ပေါ်မှာနေသော လူကို ဖမ်းဆီး နှိပ်စက် ညှဉ်းပန်းတက်သော နတ်နဂါး၊ နတ်ဂဠုန်၊ နတ်ဘီလူးတို့၏ အကြီးအမျူး ၁၈-ယောက်တို့ သည် ရှေးယခင်က လူကို ဖမ်းစားတတ်သော်လည်း မြတ်စွာ ဘုရားရှင် ဂိဇ္ဈကုဋ်တောင်တော်ပေါ်တွင် သီတင်းသုံးတော် မူသည့်အချိန်ကစ၍ သတ္တဝါတို့အား ညှဉ်းဆဲ ဖမ်းစားခြင်း မရှိကြောင်းကို ဘုရားရှင်က ရဟန်းတော်များအား ဟောကြား ခဲ့သည်မှ စ၍ ပရိမိတ္တဇာလ သုတ်တော် ဖြစ်ပေါ် ရွတ်ဆို ပွားများခဲ့ကြပါသတည်း။

# ၂၆ - ပရိဋိဇ္ဇဇာလသုတ်ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။

တေန ခေါ ပန သမယေန ကုမ္ဘီရေန ယက္ခေန ဝေဒဝေန ယက္ခေန၊ ဣန္ဒြေန ယက္ခေန၊ ဗြဟ္မေန ယက္ခေန၊ သုပဏ္ဏေန ယက္ခေန၊ နာဂေန ယက္ခေန၊ ဂန္ဓဗ္ဗေန ယက္ခေန၊ ပုဗ္ဗဒိသေန ယက္ခေန၊ အဂ္ဂိဒိသေန ယက္ခေန၊ ဒက္ခိဏဒိသေန ယက္ခေန၊ နရတိမဒိသေန ယက္ခေန၊ ပစ္ဆိမဒိသေန ယက္ခေန၊ ပါရပ္ပ ဒိသေန ယက္ခေန၊ ဥတ္တရဒိသေန ယက္ခေန၊ ဧသန္ဒ ဒိသေန ယက္ခေန၊ သမုဒ္ဒဒိသေန ယက္ခေန၊ အာကာသ ဒိသေန ယက္ခေန၊ ဘူမဒိသေန ယက္ခေန။

၂။ အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော။ အပ္ပမေယျော သံဃော၊ ဘယဿန္တိ မဟာမောဂ္ဂလ္လာနံ၊

၃။ ယတ္ထ ယတ္ထ အပါဒကာ၊ ယတ္ထ ယတ္ထ ဒွေပါဒါ၊ ယတ္ထ ယတ္ထ ဇတုပ္ပာဒါ၊ ယတ္ထ ယတ္ထ ဗဟုပ္ပာဒါ၊ ပါဒအန္တံ ဥဂ္ဂအန္တံ စက္ခုအန္တံ မုခအန္တံ ဇိဝှာအန္တံ။

၄။ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊ သကလ လောကဓာတု မာတာ ပိတု ဗုဒ္ဓ ရက္ခန် ကတံ။ သကလ လောကဓာတု မာတာ ပိတု ဓမ္မ ရက္ခန် ကတံ။ သကလ လောကဓာတု မာတာ ပိတု သံဃ ရက္ခန် ကတံ။ ရတ္တိံ ဝါ ဒိဝံ ဝါ သဒါ မံ ရက္ခန္တု။

၅။ သဗ္ဗေ ဒေဝတာယ ဣမဿ ပရိ မိတ္တဇာလဿ တေဇေန ဣမသ္မိံ အပ္ပာကဋ္ဌံ သရီရေ ယေ ကေစိ ဥပဒ္ဒဝါ အာနုဘာဝေန တေဇေန ဣမသ္မိံ လောကော ဣမသ္မိံ ပဗ္ဗတေ ဣမသ္မိံ ပဗ္ဗတေ ဣမသ္မိံ နဂရေ ဣမသ္မိံ မဂဓေ သဗ္ဗသတ္တာ ဝိနဿန္တု၊ သဗ္ဗေ ဥပဒ္ဒဝါ ဝိနဿန္တုတိ။

## ပရိမိတ္တဇာလသုတ္တံ နိဋ္ဌိတံ။

ပရိမိတ္တဇာလသုတ်တော် ရွတ်ပတ်ရခြင်း အကျိုး

၎င်းသုတ်တော်ကို နေ့စဉ်မပြတ် ရွတ်ပတ် ပွားများပါက မကောင်းဆိုးဝါး ဖမ်းစားခြင်း အန္တရာယ် မည်သည့်အခါမှ မဖြစ်ပွားတွယ်ဘဲ ရောဂါကင်းရှင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံရပေမည်။ တန်ခိုးဣဒ္ဓိပါဒ် ရှိသောနဂါး, ဂဠုန် စောင့်ရှောက်ခြင်းကို ခံရမည် ဖြစ်ပေသည်။

## အဘိဏှသုတ်တော် ဖြစ်စဉ်

သမ္မာသမ္ဗုဒ္ဓ အတုလ ထွတ်ထား ရှင်တော်မြတ်ဘုရားသည် လူ့ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့ သံသရာ ဝဋ်ဒုက္ခ၌ မေ့လျော့ပျော်ပါး နေမှားသောကြောင့် အို-နာ-သေခြင်း ကင်းရာမှု ကျွတ်နိဗ္ဗာန်ကို မရ ဝဋ်ဒုက္ခ၌ နစ်ကြရသည်ကို ကြည့်ရှု ဆင်ခြင်တော်မူပြီး မေ့လျော့ပေါ့ဆ သတိမရ နေမြဲ နေကြလျှင် သံသရာ၌ နင်မြဲ နစ်မြုပ်ကြလိမ့်မည်ကို သနားတော်မူလှသောကြောင့် အို၊ နာ၊ သေရေး ဒုက္ခဘေးတို့မှ ကင်းဝေးလွတ်ရာ မဟာအမတ သိဝ-တွင်မည် ရွှေပြည်နိဗ္ဗာန်သို့ ဝင်စံရောက်စိမ့်သောငှာ နေ့ညမပြတ် အောက်မေ့ ဆင်ခြင်အပ်နှလုံးမပြတ် အထပ်ထပ် သွင်းအပ်သော အတိပဏီတ ဤအဘိဏှသုတ် ဒေသနာတော်ကို ပဉ္စဂ္ဂိတ္တာ ပါဠိတော်၌ ကရုဏာရှေ့ထား၍ ရှင်တော်မြတ်ဘုရား ဟောကြားတော် မူခဲ့ပေသတည်း။ ရှင်တော်ဘုရား ဟောကြားတော်မူပြီးသည့်နောက်၌ သူတော်စင် အများ မပြတ်ရွတ်ပွား သရဇ္ဈာယ်ချိန်မှဝ၍ ဤအဘိဏှသုတ်တော် ဖြစ်ပေါ်၍ လာပါသတည်း။

---

## ၂၇-အဘိဏှသုတ်ပါဠိ

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကတမာနိ ပဉ္စ-

၁။ ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
၂။ ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
၃။ မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတက္ခိတဗ္ဗံ။
၄။ သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါမှိတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
၅။ ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

## အဘိဏှသုတ်တော် ရွတ်ဖတ်ရခြင်း၏ အကျိုးကျေးဇူး

ဤ အဘိဏှသုတ်တော် အမြဲမပြတ် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် တရားအားထုတ်သူတို့မှာ စိတ်ဓာတ် ကြည်လင်စွာဖြင့် တရားထူးများ ရရှိနိုင်ပါသည်။ ကိလေသာ အာရုံ ကာမဂုဏ် ခံစားလိုသော ကိလေသာစိတ်များ တပြည်းပြည်း လျော့ပါးစေနိုင်ပါသည်။

# ဝိန္ဓာမဏိ ဂါထာ မန္တန်တော် ဖြစ်စဉ်

အလိုရှိတိုင်း တောင့်တတိုင်း ပြည့်စုံစေတတ်သော စိန္တာမဏိ ဂါထာ မန္တန်တော်ကြီး ဖြစ်ပေါ်လာပုံမှာ—

မြင်းမိုရ်တောင်၏ မြောက်မျက်နှာကို အစိုးရသော ဝေဿဝဏ္ဏ (ကုဝေရ)နတ်မင်းကြီး၏ ထံပါး၌ သုံးနှစ်တိုင်တိုင် အလုပ်အကျွေး ပြုစုခဲ့သော "စန္ဒာမုခိ"ဘီလူးမသည် နတ်မင်းကြီး၏ ဆုတော် လာဘ်တော် အဖြစ် အနံ ငါးယူဇနာ၊ အလျား ယူဇနာ ၃၀-ရှိသော တောအုပ်ကို အပိုင် စားရသော တောစိုး နတ်ဘီလူးမ အဖြစ် စံမြန်းနေပေသည်။

ထို တောအုပ်ကို အပိုင်စားရသူ ပီပီ တောအုပ် အတွင်း ဖြတ်သန်း လာသူ လူသား အားလုံး တို့အား ဖမ်းဆီး သတ်ဖြတ် စားသောက်နေလေသည်။

တစ်နေ့တွင် ဗာရာဏသီပြည်မှ ပုဏ္ဏား လုလင်ပျို တစ်ယောက်သည် ကုန်သည်ဘာဝ နွားလှည်းများဖြင့် တပည့်အပေါင်း ခြံရံကာ ထို တောအုပ်ကို ဖြတ်သန်းမိလေရာ ဘီလူးမ၏ ဖမ်းဆီးခြင်းကို ခံရလေတော့သည်။

ယခင် ဖမ်းဆီးမိသူများကို သတ်ဖြတ် စားသောက်လေ့ရှိသော်လည်း ယခု ဖမ်းမိသူ ပုဏ္ဏားငယ်မှာ ချောမော လှပသော လူပျို လူရွယ် ချစ်စဖွယ် ဖြစ်နေသဖြင့် မသတ်ရက်၊ မစားရက်တော့ဘဲ လင်မယား အဖြစ် ပေါင်းသင်း နေထိုင်ကာ တခြားတစ်ပါးသို့ ထွက်မပြေးနိုင်အောင် ကျောက်ဂူအတွင်းမှာ အလုံ ပိတ်ထားလျက် နေ့စဉ် သစ်သီးဝလံများ ရှာဖွေ ကျွေးမွေး ထားလေသည်။

ဘီလူးမနှင့် ပုဏ္ဏား နှစ်ဦး ညား၍ သားကလေးတစ်ယောက် ပွားမြင်ပြီး ၁၆-နှစ်မြောက် အရွယ်ရောက်လာသော အခါ ဖခင်နှင့် မိခင် ရုပ်သွင်ခြားနား မတူငြားသဖြင့် မိခင် အစာရှာ သွားခိုက် ဖခင်ကို မေးမြန်းရာ ဖခင်က နောက်ကြောင်း ဖြစ်ရပ် များ ပြောပြ သိရှိသဖြင့် မိမိတို့နှင့် အသွင်တူရာ လူ့ရပ် လူ့ရွာ သို့ သွားလိုလှသဖြင့် မိခင် မရှိခိုက် တစ်နေ့ မိမိ၏ အားခွန် ဗလနှင့် ကျောက်ဂူ တံခါးကို ဖွင့်၍ ဖခင်ကို ထမ်းပြီး ပြေး လေတော့သည်။

စန္ဒာမုခိ ဘီလူးမ ပြန်လာပြီး ကျောက်ဂူတွင်းမှ သားအဘ နှစ်ယောက်ကို မတွေ့သဖြင့် လိုက်ရှာရာ တောတွင်း တစ်နေရာ၌ တွေ့ပြီး ပြန်ခေါ်ထားလေသည်။

တောတွင်းမှာ မပျော်ပိုက်တော့သော သားအဘ နှစ်ယောက်မှာ နောက်မကြာမီ ယခင်ကကဲ့သို့ ထွက်ပြေးပြန်ရာ ဘီလူးမက ပြန်လည် ဖမ်းမိပြန်လေတော့သည်။

နှစ်ကြိမ်တိုင်တိုင် ပြန်လည် အဖမ်းခံရသော သားအဘ နှစ်ယောက်မှာ အလွယ်တကူ ထွက်မပြေးဝံ့တော့ဘဲ ဘီလူးမ ယုံကြည်လောက်သည်ထိ ကိုယ်ရှိန်သတ်၍ နေရလေတော့သည်။

တစ်နေ့တွင် သားဖြစ်သူက မိခင်ဖြစ်သူအား မျက်နှာချို သွေးပြီး ပိုင်နက်အကျယ်အဝန်းကို မေးကာ နယ်စပ် နေရာဒေသ များကို လိုက်လံကြည့်ရှု မှတ်သားထားလေသည်။

သို့နှင့် အခွင့်အရေး ရသော တစ်နေ့တွင် ပေါင်ကိုသမ်းကာ မိခင်၏ ပိုင်နက် နယ်စပ် လွတ်လေရာ အနီးဆုံး စခန်းသို့ လှမ်းပြေးကြတော့သည်။

သားအဘနှစ်ယောက် အတွက် သစ်သီးဝလံ ရှာဖွေ၍ ပြန်လာသော ဝန္ဒာပုဒိ ဘီလူးမမှာ ကျောက်ဂူတွင်းမှာ သား နှင့် လင်ကို မတွေ့သဖြင့် ပူပင်သောက ကြီးစွာ ပိုင်နက်အတွင်း လိုက်လံ ရှာဖွေရာ မိမိပိုင်နက်မှ လွတ်ရာ မြစ်လယ်ကောင်သို့ ရောက်နေသော သားအဘနှစ်ယောက်ကို တွေ့သဖြင့် ငိုယို တမ်းတကာ အမြန် ပြန်လာရန် တောင်းပန် ခေါ်ငင်လေ တော့သည်။

မိခင် ပိုင်နက်မှ လွတ်မြောက် နေကြောင်း သိနေသော သားက “ပြန်မလာနိုင်တော့ကြောင်း၊ အမျိုးဇာတ် တူရာ လူသားတို့ နေထိုင်ရာ လူ့ရပ် လူ့ရွာသို့ သွားခွင့် ပြုပါတော့” ဟု ပြန်လည် ပြောကြားလေတော့သည်။

ခေါ်မရသည်အဆုံး မိခင် ဘီလူးမကြီးက “လူ့ရပ် လူ့ရွာမှာ ဘာပညာမှ ငါ့သား မတတ်ယင် ငတ်ပြတ် ဆင်းရဲခြင်း ဒုက္ခ ကြုံလိမ့်မည်၊ ဒီတော့-ခိုးသူ ခြေရာရှာပြီး ဥစ္စာကို ဖော် ပေးနိုင်တဲ့ စိန္တာမဏိ ဂါထာတော်ကို ငါ့သား သင်ယူသွားပေ တော့” ဟု မျက်ရည်သည်ရှင် ပူပွဲကြီး ဆင်ကာ စိန္တာမဏိ ဂါထာတော်မြတ်ကို ပြင်ဆင် ပေးမှ သင်ပေး လေတော့သည်။

မြစ်လယ်မှ လက်အုပ်ချီ၍ စိန္တာမဏိ ဂါထာ သင်ယူနေ သော သားသည် ဂါထာရသည်နှင့် တစ်ပြိုင်နက် ရုတ်တရက်

လဲကျသွားသော မိခင်ကြီးကို ပြေးထူရာ ရင်ကွဲနာကျ ဘဝ ပြောင်းသွားသည်ကို တွေ့ရလေတော့သည်။

သားအဘ နှစ်ယောက်မှာ သောကမကင်း တောတွင်းမှာ ပင် ဘီလူးမအလောင်းကို တောပန်း တောင်ပန်းများ ဖုံးအုပ် သင်္ဂြိုဟ်ခဲ့ပြီး ဗာရာဏသီပြည်သို့ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

ဗာရာဏသီပြည်တွင် သူခိုး ခြေရာခံ၍ စိန္တာမဏိ မန္တန် တော်တို့ ရွတ်ဆို၍ ဥစ္စာပစ္စည်းများကို ရှာဖွေ ပေးနိုင်သဖြင့် "ပဒကုသလ"ဟု အမည်တွင်လျက် ပညာရှင် သူကြွယ် ဖြစ်ခဲ့ သည်ကစ၍ စိန္တာမဏိ ဂါထာတော်ဟု ဖြစ်ပေါ် ရွတ်ဆို ပွားများခဲ့ကြပါသတည်း။

---

# ၂၈ - စိန္တာမဏိမန္တန်ပါဠိ

စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

## စိန္တာမဏိ ဂါထာတော် ရွတ်ဖတ်ခြင်း အကျိုးများ

ဤ စိန္တာမဏိ ဂါထာတော် ရွတ်ဆိုခြင်းဖြင့် အကြံအစည် အောင်မြင်စေတတ်သည်။ ရာထူး ဌာနန္တရ ရရှိစေတတ်သည်။ လူနတ်တို့ ချစ်ခင် နှစ်သက်ခြင်း ခံရတတ်သည်။ မိမိတို့၏ ပစ္စည်း ဘဏ္ဍာ, ရတနာ ရွှေ ငွေ စသည်ကိုကို တစ်ပါးသူတို့ ခိုးဝှက် ယူငင်မရနိုင်ဘဲ အကြိတ်အခဲ အမြဲ တည်ရှိခြင်း၊ လိုချင် တောင့်တသော ပစ္စည်းများ ရရှိတတ်ခြင်း အကျိုးများကို ခံစား ရရှိနိုင်လေသည်။

—၀—

## ရှင်သိဝလိ ဂါထာတော် ဖြစ်စဉ်

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ ဆွေတော်, မျိုးတော် ဖြစ်သော ကောလိယ သာကီဝင် မင်းသားနှင့် သုပ္ပဝါသာ သာကီဝင် မင်းသမီး ကိုသည် ရှင်သိဝလိ မထေရ်မြတ်၏ ခမည်းတော်နှင့် မယ်တော် မိဘနှစ်ပါး ဖြစ်လေသည်။

ရှင်သိဝလိ မထေရ်မြတ်ကလေး သန္ဓေတော် ၁,နေ့စဉ် မှာပင် ပစ္စည်းဘဏ္ဍာ ရတနာ ရွှေငွေ ဆက်သကြသူ များပြား လျက် လာဘ်ရှင်ခြင်း၏အစ နိမိတ် ပြခဲ့သည်။

ပစ္စည်းဥစ္စာ ရတနာ ဘဏ္ဍာတိုက်တွင်းမှ ထုတ်ယူ သုံးစွဲသော်လည်း ပြည့်မြဲ ပြည့်လျက်သာ၊ ကုန်ခန်းသွားသည် မရှိ။ လာဘ်လာဘ ပြည့်ဝခြင်းဖြင့် ကောင်းခြင်းများစွာ အကျိုးပြုခဲ့လေ၏။

သို့သော် ၁၀-လနှင့်လည်း မဖွား၊ လ-၂၀နှင့်လည်း မဖွားဘဲ သမားတော်ကြီးများပင် ဉာဏ်မြင်သမျှ ရောဂါရှာကြသော်လည်း ရောဂါမတွေ့၊ ဝေဒနာ မရှိ၊ ခုနစ်နှစ်တိတိ ကြာလေတော့သည်။

ထို ခုနစ်နှစ်မှ လွန်မြောက် ခုနစ်လ ရောက်သော အခါမှာမူ သုပ္ပဝါသာ မင်းသမီးမှာ ကမ္မဇလေ လှုပ်ရှားပြီး တအားပင် ဗိုက်နာ၍ လာသော်ငြား မွေးဖွားမည့်ပုံ မပေါ်၊ အချီတော်, အချော့တော် နန်းတော်ပုဒ် ခစားကြကုန်သော သမားအကျော် ဟူးရားတော်များနှင့်တကွ လက်သည်တော်မောင်းမများ ပြုစုကြငြားသော်လည်း ထူး၍သက်သာ ဖြစ်မလာဘဲ နာမြဲနာနေရာ ခုနစ်ရက်ပြည့်သည့် နေ့၌ မအောင့်နိုင်ဘဲ ကောလိယမင်းသားကို မြတ်စွာဘုရားထံ စေလွှတ်၍ ဝေဒနာကို ကယ်မတော်မူပါရန် လျှောက်တင်ခိုင်းလေသည်။

ကောလိယ မင်းသားလည်း မြတ်စွာဘုရား၏ နှမတော်တော်သော သုပ္ပဝါသာ မင်းသမီး၏ အဖြစ်ကို သွားရောက်လျှောက်ထားရာ—

"သုပ္ပဝါသာသည် သားရတနာကို ချမ်းသာစွာ ဖွားမြင်လိမ့်မည်"ဟု အမိန့်တော် ရှိလိုက်ရာ ကောလိယ မင်းသား

အိမ်တော် ပြန်ရောက်သော အခါ သုပ္ပဝါသာသည် သား ရတနာကို ဖွားမြင်ပြီး ဖြစ်နေသည်ကို ဝမ်းမြောက်စွာ တွေ့ရ လေတော့သည်။

မြတ်စွာဘုရားက ချမ်းသာစွာ မွေးဖွားလိမ့်မည်ဟု ပြော သော စကားအရ "သီဝလိ" ဟူသော အမည်ကို ပေးလိုက်ကြ လေသည်။

အမိဝမ်းတွင်းမှာ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တိတိ နေခဲ့ ရသော သီဝလိ သတို့သားမှာ မွေးဖွား သန့်စင်သည်နှင့် တစ်ပြိုင်နက် ခုနစ်နှစ်အရွယ်ပမာဏ ရုတ်တရက် ပြောင်းလဲခဲ့ သည် ဖြစ်ရာ သိတတ်၊ ရှက်တတ်သော အရွယ်တော်သို့ ရောက်ရှိ လာခဲ့လေသည်။

မီးဖွား သန့်စင်ပြီး ခုနစ်ရက် ကျော်လွန်သော အခါ မြတ်စွာဘုရားရှင်နှင့် သံဃာတော်များအား အိမ်တော်သို့ ပင့်ဖိတ်ပြီး သီဝလိကလေးအတွက် ဆွမ်းကပ် လှူဒါန်းကြသည်။

ထိုဆွမ်းကပ် လှူပွဲတွင် ရှင်သာရိပုတ္တရာက အမိဝမ်းတွင်း၌ ပဋိသန္ဓေ နေရခြင်း ဒုက္ခကို သိပါလျှင် တရားချမ်းသာ ရရန် ရဟန်းပြုသင့်ကြောင်း တရားဟောလေရာ သီဝလိ သတို့သား မှာ မိဘ နှစ်ပါးထံ ခွင့်ပန်၍ သာသနာ့အမွေ ခံယူလေ တော့သည်။

ရှင်သာရိပုတ္တရာသည် သီဝလိ သတို့သားကလေးကို တစပဉ္စက ကမ္မဋ္ဌာန်း ပေး၍ ဆံခြင်စေကာ ဆံချပေးလေရာ

ဆံချပြီးသည်နှင့် တစ်ပြိုင်နက် အာသဝေါ ကုန်ခန်း၍ ရဟန္တာ ဖြစ်သွားတော့သည်။

လှူဒါန်းသူ ပေါမျှားလှ၍ လာဘ်လာဘ ရှင်လန်းသဖြင့် တေဒဂ်ရ မဟာသာဝက အပါအဝင် "လာဘ်လာဘ တေဒဂ်ရ-ရှင်သီဝလိ" ဟု မြတ်စွာဘုရားက အသိအမှတ်ပြု မိန့်တော်မူသည်က စ၍ "ရှင်သီဝလိ ပရိတ်ဂါထာ မန္တန်တော်"ဟု ဖြစ်ပေါ်ရွတ်ဆို ပွားများခဲ့ကြပါသတည်း။

---

## ၂၉- ရှင်သီဝလိဂါထာပါဠိ

၁။ သီဝလိ စ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပိယံ မမ။

၂။ သီဝလိ စ မဟာဝီရော၊
ယေယေ ပဿန္တု မံ ပိယံ။
တေတေ ပဿန္တု ပရမံ၊
ဇနပဒါ ပူဇယန္တု။

၃။ သီဝလိ စ နာမ ထေရေန၊
မမသီသော ဌပေတွာန။
ဇမ္ဗုဒီပ မဏ္ဍလေန၊
ဇယောမန္တာ သုခါဝဟံ။

၄။ သီဝလိ စ မဟာနာမံ၊
ကုန္ဒာဒေဝါ သဗြဟ္မကာ။
မနုဿပုရိသော ကုတ္ထိ၊
မဟာလာဘံ ဘဝိဿတိ။

၅။ သီဝလိ စ မဟာလာဘံ၊
နာနာဒေတိ ဝရံ ဝရံ။
ကုဒမ္ဗိ ပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏံ ဗန္တံ သုခံ ကိတ္တိ၊
အနာမယံ ဘဝေ ဘဝေ။
တဝရုက္ခေ ဒေဝမိတာ၊
သဗ္ဗကောမံ ဝိနဿန္တု။

၇။ သီဝလိ စ မဟာလာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဒါ ဟောတု ပိယံ မမ။

၈။ သီဝလိစ မဟာထေရော၊
ယေ ယေ ပဿန္တိ မံ ပိယံ။
တေ တေ ပဿန္တိ မံ ပိယံ၊
ဇနပ္ပဒါ ပူဇယန္တု။

၉။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဌပေတွာန။
န္တိတေဇ ဇယောမန္တံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိ စ မဟာလာဘော၊
ဒေဝမနုဿ ပူဇိတော။
သောရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

## ရှင်သီဝလိ ပရိတ်တော် ရွတ်ဖတ်ရခြင်းအကျိုး

ရှင်သီဝလိ ပရိတ်တော်ကို နေ့စဉ် မပြတ် ရွတ်ဖတ် ပွား များ သရဇ္ဈာယ်ခြင်း အားဖြင့် ဒိဋ္ဌဓမ္မ [illegible] ရွှင်လန်း စေသည်။ လူ နတ် ချစ်ခင် နှစ်သက်[illegible] သွားလာ ရောက်ရာဒေသ အရပ်များမှာ တော်မှုဝေး [illegible]ခေါင်းပါးခြင်း ဒုက္ခ မကြုံရချေ။

မီး မပွားနိုင်သူများကို အင်္ဂုလိမာလ သုတ်တော် ရွတ်၍ မီးပွားသကဲ့သို့ပင် ရှင်သီဝလိ ဂါထာတော်မြတ်ကို ရွတ်ဖတ် သရဇ္ဈာယ် ပေးခြင်းဖြင့် မီးပွားနိုင်ကြောင်း ရှေးဆရာကြီးများ အမှာစကား ရှိခဲ့ပုံးသည်။

—o—

## ရှင်ဥပဂုတ် မဟာထေရ်တော် ဖြစ်စဉ်

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း ၂၀၀-ကြာသော အခါ ရာဇဂြိုဟ်မြို့တော်ဟန်. မြစ်ကြီး အတွင်းမှ အလွန်လှပ ကြီးမားသော ငါးကြီး တစ်ကောင်ကို တံငါများ မိလေရာ ကုန်းပေါ်သို့တင် အသက် မရှင် သေသွားသော်ငြား ဝမ်းဗိုက်မှာ ပေါင်းချည်ပိန်ချည် လှုပ်ရှားသဖြင့် ထူးဆန်းလှသည်ဟု ယူဆကာ ရာဇဂဟ မြည့်ရှင် ဘုရင်အား ဆက်သကြသည်။

ဘုရင်မင်းမြတ်သည် ငါးကြီး ဝမ်းဗိုက်ကို ကြည့်၍ မှူးမတ်များအား ပြသရာ ပညာရှိ အမတ်ကြီးတစ်ဦး၏ အကြံအရ ကျောဘက်မှ နေ၍ ငါးသေကြီးအား ခွဲချလိုက်ရာ ဝမ်းဗိုက်အတွင်းမှ ငယ်ရွယ်နုနယ် ချစ်စဖွယ်သော လူသား မနုဿသမီးလေးကလေးကို တွေ့ရှိကြရလေသည်။

သားသမီးရတနာ မထွန်းကားသော ပြည့်ရှင်မင်းကြီးသည် ဝမ်းမြောက် ဝမ်းသာ ယုယ ပိုက်ချီလျက် သမီးတော်ရင်းအဖြစ် ပင်တိုင်တော်နှင့်ထားကာ အခြွေအရံများဖြင့် ခံစားစေလေသည်။ အမည်တော်ကိုလည်း "မစ္ဆဒေဝီ" ဟု ရွှေဘွဲ့တော် ချီးလိုက်လေသည်။

ပင်တိုင်စံ မစ္ဆဒေဝီ ၁၆-နှစ် အရွယ်သို့ ရောက်သော အခါ ခန္ဓာကိုယ်မှ ငါးညှီနံ့များ ပေါ်ထွက်လာလေသဖြင့် မွှေးကြိုင်သော နံ့သာ အမျိုးမျိုးတို့နှင့် ဖုံးနယ် ခြယ်သ လိမ်းသော်လည်း မရ၊ တစ်နန်းတော်လုံး အသက်မရှူနိုင် ဖြစ်လာသဖြင့် ခမည်းတော် ဘုရင်ကြီးမှာ သမီးတော်ကို ချစ်လျက်နှင့်ပင် မသိုးထမင်း- မသိုးဟင်းများနှင့် တကွ ဖောင် ပေါ် တင် ၍ ရေယာဉ်ကြောမှာ မျှောလိုက်ရလေတော့သည်။

မစ္ဆဒေဝီ မျောမော လုပသော သတင်းအရ မြစ်ကမ်းတစ်လျှောက် မင်းညီ မင်းသားများက ဖောင်တော်ကို ဆယ်ယူကြသော်လည်း ငါးညှီနံ့ကြောင့်ပင် မသိမ်းပိုက်နိုင်ကြတော့ဘဲ ဆက်လက် မျှောလွှတ်ကြရလေသည်။

မြို့ပြ ပြည်ရွာနှင့် ဝေးစွာ မျောပါလာသော ဖောင်တော်မှာ ဥပ ရသေ့ကြီး တရား အားထုတ်ရာ တောအုပ်အတွင်း

ရေစပ်ရှိ ရသေ့ကြီး၏ ကမ္မဋ္ဌာန်း"တဲကျောင်း"ကို ဦးတိုက်ဆိုက်ကပ်မိလေတော့သည်။

ထိုသို့ ဆိုက်ကပ်မိသည်နှင့် တစ်ပြိုင်နက် ထူးဆန်းလှစွာ ငါးညှီနံ့များပျောက်ပြီး ခန္ဓာကိုယ်မှ ကြာညိုနံ့များ သင်းလာလေတော့၏။

မစ္ဆဒေဝီ သည် ကမ္မဋ္ဌာန်းတရား အားထုတ် နေသော ဥပ ရသေ့ကြီးအား ဝင်ရောက်ဖူးမြော်ကာ မိမိ၏ အဖြစ်ကို လျှောက်ထားလေသည်။ ဥပ ရသေ့ကြီးလည်း သတ္တဝါတိုင်း၏ အပေါ်၌ ကရုဏာ ထားရမည့် သူတော် သူမြတ်တို့၏ ဝသီဘော် အတိုင်း သစ်သီးဝလံများ ရှာဖွေ ကျွေးမွေးကာ စောင့်ရှောက်ထားလေသည်။

ကာလ အကန့် ကြာသော အခါ မစ္ဆဒေဝီသည် မည်သည့်ယောကျ်ား တစ်ဦးတစ်ယောက်နှင့်မျှ မဆက်ဆံရဘဲ နှုတ်ပိုက်ကိုယ်ဝန်တည်ကာ သန္ဓေတော် ခဲ့လေသဖြင့် ကြောက်ရွံ့ထိတ်လန့်စွာ ဥပ ရသေ့ကြီးအား လျှောက်ထားလေသည်။

ရသေ့ကြီးက "ချစ်သမီးတွင် ရှေးက အတိတ်ကံ ပါရမီ တစ်ခုခုကြောင့် ပဋိသန္ဓေ စွဲဟန် တူသည်၊ မစိုးရိမ်လင့်- ငါ စောင့်ရှောက်အံ့၊ ကျန်းမာမှုကိုသာ ဂရုပြုလေ"ဟု အားပေး စကား မိန့်ကြားလေသည်။

ချိန်ခါစေ့ရောက် ဆယ်လ မြောက်သော အခါ သားရတနာကို ဖွားမြင်လေသည်။ ဥပ ရသေ့ကြီး စောင့်ရှောက် မွေးမြူ ထားခြင်းကြောင့် 'ဥပဂုတ္တ' သတို့သား ဟု အမည်တွင်၏။

ဥပဂုတ္တ သတို့သား ခုနစ်နှစ် အရွယ်တွင် ဥပ ရသေ့ကြီး သင်ပေးထားသော ခန္ဓာငါးပါး၏ ဖြစ်ပျက် ဘာဝနာ ရှုနေခိုက် ကောင်းကင်မှ သာသနာတော်စောင့် နတ်မင်းကြီး တစ်ပါးက ဆင်း၍ ပွေ့ယူသွားပြီး ကောင်းကင်မှ မြေပြင်သို့ လွှတ်ချလိုက်လေသည်။

ခန္ဓာငါးပါး ဖြစ်ပျက်တရားကို ရှုမှတ် ဆင်ခြင်နေသော ဥပဂုတ္တ သတို့သားမှာ အခြားတစ်ပါးသို့ အာရုံ မပျံ့လွင့်ဘဲ သမာဓိမပျက် အားထုတ်လိုက်နိုင်သောကြောင့် မြေပြင်မရောက်မီမှာပင် အာသဝေါကုန်ခန်း ရဟန္တာ အဖြစ်သို့ ရောက်ရှိတော်မူလေသည်။

ဘုန်းကံ အလျောက် ပေါ်ပေါက်လာသော သမုဒ္ဒရာ အတွင်းမှ ကြေးပြာသာဒ်တွင် သီတင်းသုံးတော်မူလေသည်။

နှောင် နှစ်ပေါင်း ကြာသောအခါ သိရိဓမ္မာသောကမင်းကြီး၏ မဟာ အသဒိသ အလှူတော်မင်္ဂလာတွင် မာရ်နတ်၏ နှောင့်ယှက် ဖျက်ဆီးမှုကို ဟားမြစ်ရန် မထေရ်ကြီးများက တာဝန် ပေးအပ်ခြင်းခံရသော ဘုန်းကြီးဥပဂုတ္တ အရှင်မြတ်က ဘုန်းကြီးသော တန်ခိုး အပြည့်အဖြင့် မန်ဆင်း ခုံ၍ သိရိဓမ္မာသောကမင်းကြီး၏ အလှူတော် မင်္ဂလာကို အောင်ပွဲ ခံစေခဲ့သည်က ဇာ၍ ရှင်ဥပဂုတ္တ မန္တန် ဂါထာတော် ဟု ခေါ်သော ရွတ်ဆို ပွားများခဲ့ပါသည်။

# ၃၁-ရှင်ဥပဂုတ်ဂါထာပါဠိ

၁။ ဥပဂုတ္တော မဟိဒ္ဓိကော၊ သမ္ဗုဒ္ဓေန ဝိညာဂတော။
မာရဥ္စ မာရဗလဥ္စ၊ ဒမေသိတိ အနာဂတေ။
၂။ မမသီသေ ပတိဋ္ဌိတော၊ မာရေနာ သုဏိတံ ကတွာ။
အန္တရာယော ဝိနဿန္တု၊ အဟံ ဝန္ဒေ ဣဒါနေဝ။
၃။ ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ဇာဇနေတာ ဝါ ဥပဒ္ဒဝေ။
သောကရောဂါ ဝိရောဓာယ၊ ပရိတ္တံ ဇယမင်္ဂလံ။
၄။ တာဒိသော ထေရော မာရေနာ၊
[illegible]နုတံ ကတွာ စ သဗ္ဗေ။ အန္တရာယော
ဝိနဿန္တု၊ ဣဒါနေဝ ဥပဂုတ္တော၊ မဟိဒ္ဓိကော။
ယံ ယံ ဥပဒ္ဒဝံ ဇာတံ၊ ဝိဒ္ဓံသေတု အသေသတော။

## အရှင်ဥပဂုတ္တ မန္တန်တော်မြတ် ရွတ်ပတ်ရခြင်း အကျိုး

အရှင် ဥပဂုတ္တ အရှင်မြတ်၏ ဂါထာ ပရိတ်တော်ကို နေ့စဉ်မပြတ် ရွတ်ပတ် သရဇ္ဈာယ် ပွားများခြင်းအားဖြင့် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနဝယ် ဖြစ်တွယ်စေတတ်သော ဘေးအန္တရာယ်များ ကင်းရှင်းခြင်း၊ ရန်သူကို မိမိက အောင်နိုင်ခြင်း၊ သူတစ်ပါးတို့ မိစ္ဆာဒိဋ္ဌိ ပညာဖြင့် ပြုစား သတ်ဖြတ် နှိပ်စက်တတ်သော ပယောဂများ ကိုယ်ဝယ် မထိရောက် ပျောက်ပြယ် လွင့်စင်ရခြင်းနှင့် တောင့်တသော ဆုများ ပြည့်ဝစေသော အကျိုးကျေးဇူးများကို ခံစား စံစား စေနိုင်ပါသည်။

## ပထဝီဇယ မန္တန်တော်ဖြစ်စဉ်

ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ရသေ့ဘဝနှင့် ဟိမဝန္တာတောဦး သီတင်းသုံးစဉ်အခါက အမြဲစားသော သဗ္ဗဒါဠိက အမည်ရှိ မြေခွေးသည် အလောင်းတော် ရသေ့ထံမှ ပထဝီဇယ မန္တန်တော်ကို သင်ယူ၍ ရှိသေစွာ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်သဖြင့် တောနေ သတ္တဝါများက ဝန်းရံခစားကြကုန်သည်။

မြေခွေးအား အမြဲမပြတ် ရန်မူ သတ်ဖြတ်လေ့ရှိသော သစ်-ကျား-ဆင်- ခြင်္သေ့ စသည်တို့ကပါ ဝိုင်းအုံ မြှောက်ပင့်၍ တောဘုရင်အဖြစ် တင်မြှောက်ခံရခြင်းကိုစွဲ၍ ပထဝီဇယမန္တန်တော် ဖြစ်ပေါ်ရွတ်ဆိုပွားများခဲ့ကြပါသည်။

---

## ၃၁-ပထဝီဇယမန္တန်ပါဠိ

၁။ ပထဝီ ဇယံ သဗ္ဗံ၊ အနေက အန္တရာယိကံ။
ဇယံ ပစ္စေကဗုဒ္ဓါ စ၊ ဇယံ ပရိ မဟေသယော။

၂။ ဇယံ ဟရော ဟရိဒေဝေါ၊ ဇယံ ဗြဟ္မာ စတုရင္ဂေါ။
ဇယံ နာဂေါ စ ဝိရူဠှော၊ ဝိရူပက္ခော စ စန္ဒိမာ။

၃။ ဝိဋ္ဌုန္နော ဝေနတေယျော စ၊ ကုဝေရော ဝရုဏော ပိ စ။
အဂ္ဂိ ဝါရုဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝါ၊ သုခိတာ စ ပသိဒ္ဓိယော။
အာသီတိ မဟာသာဝကာ၊ သဗ္ဗံ ဇယံ ဒဒန္တု မေ။

၅။ ဇေယျော စမ္ဗော စ သံယော စ၊
ဒသဗလော စ ဇေယျကော။
ဧတေန သစ္စဝဇ္ဇေန၊ ဇေယျော သုခိ ဘဝန္တု မေ။

၆။ နရာ ဒေဝါ စ ဗြဟ္မာနော၊ ယက္ခာ နာဂါ စ ဂရုဠာ။
တေ ပိ ဒိသွာ ပိယာ မယှံ၊ ပုတ္တံ မမေဝ သိနေဟာ။

၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္ထကေ။

၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါ သုသီတလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊ သဗ္ဗေ နဿန္တု'ပဒ္ဒဝါ။

၉။ ဣမသ္မိံ စက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။
အနန္တစက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။

၁၀။ ဣမေ သတ္တာ အဝေရာ စ၊ အညမညံ ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာ စ၊ အညမညံ သုခါ ဟောန္တု။

၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယထာ သတ္တာ၊ ဒုက္ခာ မုစ္စန္တု တတ္တကာ။

၁၂။ ဒသကောဋိ ဒကဇာ စ ထလဇာ နဝကောဋိယော။
သံသေဒဇောပပါတိကာ၊ ဒီယာယုကာ ဘဝန္တု တေ။

၁၃။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။

၁၄။ အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဝေရာ စ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ပထဝီဇယမင်္ဂလံ နိဋ္ဌိတံ။

---

### ပထဝီဇယမန္တန်တော် ရွတ်ဆိုရခြင်းအကျိုး

ပထဝီဇယမန္တန်တော်ကို အမြဲမပြတ် ရွတ်ပတ်ရခြင်းဖြင့် မရသေးသော စည်းစိမ်များ ရတတ်ခြင်း၊ မြေယာ-တိုက်-အိမ်-များ ဖြစ်ထွန်းခြင်း၊ သြဇာအာဏာ ကြီးမားခြင်း အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေပါသည်။

—၀—

## သဗ္ဗဇယမင်္ဂလာ ဂါထာတော် ဖြစ်စဉ်

ဤသဗ္ဗဇယမင်္ဂလာဂါထာတော် ဖြစ်ပေါ်လာပုံမှာ ဤသို့ ဖြစ်ပါသည်-

မြတ်စွာဘုရား သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတုပြာသာဒ်၌ သီတင်းသုံးတော်မူစဉ် အရှင် အာနန္ဒာ၏ လျှောက်ထားမှုကို အကြောင်းပြု၍ ဘုရားရှင်သည် ဤဂါထာကို ဟောကြားတော်မူပါသည်။

အရှင်အာနန္ဒာသည် သီတင်းကျွတ် လပြည့်နေ့ ညနေဆည်းဆာအချိန်တွင် အနောက်မဂေါယာကျွန်း ယွန်းမည့် ဆဲဆဲနေအရောင်၏ တင့်တယ်မှုနှင့် အရှေ့လောကဓာတ်မှ ထွက်ပြူစလမင်း၏ အရောင်အဆင်း တင့်တယ်မှုတို့ကို တွေ့မြင်၍ နှစ်သက်မှု ပီတိ ဖြစ်နေပါသည်။

ထိုသို့ အာရုံခံစားမှုဖြစ်နေစဉ်၌ စစ်အင်္ဂါလေးပါးခြံရံကာ မင်းမြောက်တန်ဆာ ဝတ်ဆင်လာပြီး ပန်းနှံ့သာစွဲကိုင်လျက် ဘုရားရှင်ထံ ရှေးရှုလာနေသော ပသေနဒီ ကောသလမင်းကြီး၏ တင့်တယ်မှုကိုမြင်ရ၍လည်း နှစ်သက်မှု ပီတိ ဖြစ်ရပြန်သည်။ ထို့ပြင်-အရှင် အာနန္ဒာသည် ကာဠုဒါယီ ရဟန္တာမထေရ် ဈာန်ဝင်စားသဖြင့် ကိုယ်တော်မှ အရောင်အဆင်းများတောက်ပ ထွန်းပေါ်နေသည်ကို ဖူးမြင်ရပြန်ရာ နှစ်သက်မှု ပီတိ ဖြစ်ရပြန်လေတော့၏။

ထို့နောက် အရှင်အာနန္ဒာသည် ဘုရားရှင်၏ အရောင်အဆင်းထွန်းလင်းတောက်ပခြင်းမှာ အထက်ဖော်ပြပါ နေမင်း-လမင်း စသည်တို့၏ ထွန်းပ တင့်တယ်ခြင်းကို သာလွန်လွှမ်းမိုးထူးကဲကြောင်း ဖူးတွေ့ရသဖြင့် အကြောင်းအကျိုး ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က အထက်ပါ ဒိဝါတပတိ အစချီသော သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကို ဟောကြားတော်မူသည်မှ စ၍ ဤ ဂါထာတော် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသတည်း။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၉၆)

# ၃၂- သဗ္ဗဇယမင်္ဂလာဂါထာပါဠိ

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရာ နုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

သဗ္ဗဇယမင်္ဂလာ ဂါထာတော် ရွတ်ဖတ်ရခြင်းအကျိုး

ဤဂါထာတော်ကို လာဘ်ရွှင် ဂါထာတော် ဖြစ်ကြောင်း၊ ပညာရှင်များ အသိအမှတ်ပြုခဲ့ကြသည်။ သီဟိုဠ်ကျွန်း ဘာတိက မင်းကြီးသည် သူ့အမတ် တစ်ဦးအား ရတနာသုံးပါးနှင့် စပ်သော ဇယမင်္ဂလာမည်သော ဂါထာတစ်ပုဒ်ဖော်ထုတ်ရွတ်ဆို ချီးကျူးပြပါဟု တောင်းပန် တိုက်တွန်းချက်အရ-အမတ်ကြီး သည် ပိဋကတ်ကျမ်း စာပေမှ ရှာဖွေထုတ်နုတ်ကာ လက်အုပ် ချီလျက် ဤ ဒိဝါတပတိ ဂါထာတော်ကို ရွတ်ဆို ချီးကျူး ပြလေသည်။

မင်းကြီးသည် သူ့အမတ်ကြီး ရွတ်ဆိုပြချက်ကို ကြားနာ ကာ ကြည်ညိုလှ၍ အမတ်ကြီး ရွတ်ဆိုပြီးနောက် လက်အုပ် မချရန် တောင်းပန်လျက် အမတ်ကြီး၏ လက်အုပ်ကြားသို့ အသပြာငွေ တစ်ထောင်ကျပ် ချီးမြှင့် အပ်နှင်းလိုက်ကြောင်း သံယုတ် အဋ္ဌကထာ၌ ပြဆိုထားပါသည်။

# သက်တော်မြဲ ဂါထာတော် ဖြစ်စဉ်

**အဋ္ဌာနမေတံ—အစချီသော** ပါဠိဂါထာ ဒေသနာတော်ကို "သက်တော်မြဲ" ပါဠိ ဒေသနာ ဟု ယုံကြည် ခံယူထားကြသည်။ ယင်းသက်တော်မြဲပါဠိ ဒေသနာတော်သည် ဘုရားဟောဖြစ်သည်။ ယင်း ပါဠိ ဒေသနာတော် ဖြစ်ပေါ်လာပုံမှာ ဒေဝဒတ်သည် ဂိဇ္ဈကုဋ် တောင်ပေါ်မှ ကျောက်တုံးကြီး လှိမ့်ချကာ ဘုရားရှင်အား အသက် အန္တရာယ် ပြုရာ ကျောက်တုံး အစအနများ ပဲ့စင်လျက် ဘုရားရှင်၏ ခြေမတော်၌ သွေးစိမ်း တည်ရသည်။

ယင်းသို့ ဒေဝဒတ်က ဘုရားရှင်၏ အသက် အန္တရာယ်ကို ပြုကြောင်း ရဟန်း အပေါင်းတို့ ကြားသိကြရသော အခါ ဘုရားရှင် သီတင်းသုံးရာ ကျောင်းတော်သို့ စုရုံးလာကြသည်။ ဘုရားရှင်အား နည်းမျိုးစုံဖြင့် စောင့်ရှောက်တော် မူကြသည်။

ဤအကြောင်းကို ဘုရားရှင် သိတော်မူသော အခါ အရှင်အာနန္ဒာအား မေးမြန်းတော်မူသည်။ ဘုရားရှင်၏ အသက်အန္တရာယ်ကို စိုးရိမ်၍ အစောင့်အရှောက် ပြုနေကြကြောင်း အရှင် အာနန္ဒာက ပြန်လည် လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားက— လောက၌ ဆရာ ငါးမျိုးရှိကြောင်း၊ မိမိမှာ ထို ဆရာငါးမျိုးကဲ့သို့ မဟုတ်ဘဲ သီလလည်း တကယ်စင်ကြယ်ကြောင်း၊ ဉာဏ် အမြင်လည်း သန့်ရှင်းကြည်လင်ကြောင်း၊ ငါဘုရား၏ အသက်အန္တရာယ်ကို စိုးရိမ်

နေစရာလည်း မလိုကြောင်း၊ ဘုရားရှင်တို့၏ အသက်တော်ကို မည်သူ တစ်စုံ တစ်ဦးမျှ အန္တရာယ် ပြုနိုင်စွမ်း ရှိမည် မဟုတ်ကြောင်း၊ မြတ်စွာဘုရားရှင်တို့၏ အသက်သည် သူတစ်ပါး ပယောဂဖြင့် သေရိုး ထုံးစံမရှိဘဲ မိမိအလိုလိုသာ ပရိနိဗ္ဗာန်စံရမြဲ ဓမ္မတာ ဖြစ်ကြောင်း ဟောကြားတော်မူရာမှ စ၍ ဤအင္ဂုလိမာလ် အစချီ ဒေသနာတော် ဖြစ်ပေါ် ရွတ်ဆို ပွားများခဲ့ကြခြင်း ဖြစ်ပါသည်။

---

# ၃၃-သက်တော်မြဲဂါထာပါဠိ

အင်္ဂုလိမာလ် ဘိက္ခဝေ အနဝကာသော
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

သက်တော်မြဲ ဂါထာ ရွတ်ဖတ်ရခြင်း အကျိုး

ဤ အင်္ဂုလိမာလ် ဂါထာတော်ကို အမြဲ ရွတ်ဖတ် ပွားများအားထုတ်ပါက အသက် အန္တရာယ် ပြုခံရခြင်းမှ ကင်းဝေးစေပါသည်။ လတ်တလော သေစေတတ်သော ကံမျိုးများ နှိပ်စက်ခံရမှုမှ ကင်းဝေးစေပါသည်။

# သက်တော်ရှည် ဂါထာတော် ဖြစ်စဉ်

နာညတြ ဗောဇ္ဈာတပသာ—အစရှိသော ဂါထာတော်သည် သဂါထာဝဂ္ဂ သံယုတ်၌ လာသော ပါဠိတော် ဖြစ်သည်။ ယင်းဂါထာသည် အသက် ရှည်ရာ ရှည်ကြောင်းကို ဖြစ်စေ သဖြင့် သက်ရှည် ဂါထာတော် ဟု သမုတ်ကြပေသည်။

ဘုရားရှင်လက်ထက်တော်အခါက သုဗြဟ္မာ အမည်ရှိသော နတ်သားတစ်ဦးရှိလေသည်။ ထိုနတ်သားမှာ အခြံအရံနတ်သမီး တစ်ထောင်လည်း ရှိပေသည်။ တစ်နေ့၌ ထို သုဗြဟ္မာ နတ်သားသည် နတ်သမီးများခြံရံလျက် နန္ဒဝန် ဥယျာဉ်သို့ အပျော်ခရီး ထွက်ခဲ့လေသည်။

ဥယျာဉ်တွင် နတ်သားသည် ပင်လယ်ကသစ်ပင်ရင်း၌ ထိုင်နေသည်။ နတ်သမီး ငါးရာတို့က နတ်သားကို ခြံရံနေကြပြီး ကျန်နတ်သမီးငါးရာတို့က ဥယျာဉ်အတွင်းရှိ သစ်ပင်များပေါ် တက်၍ ကစားမြူးတူးကြ-သီချင်းဆိုကြ-ပန်းခူးကြ-ပန်းကုံးကြ ဖြင့် အပျော်ကျူးနေကြလေသည်။ နတ်သမီးငါးရာတို့ ထိုသို့ အပျော်ကျူးနေကြခိုက်တွင် ဘဝဟောင်းက ကြမ္မာဆိုးသည် ရုတ်တရက် ဝင်ရောက်နှိပ်စက်မှုကြောင့် ထိုနတ်သမီးငါးရာလုံး တစ်ပြိုင်တည်း သေဆုံးသွားကြကာ ငရဲဘုံသို့ ရောက်ကြရလေသည်။ လင်နတ်သားသည် ထိုနတ်သမီးငါးရာတို့၏ သီချင်းဆိုသံကိုလည်း မကြားရ- ပန်းခူးကြ- ပန်းကုံးကြသည်ကိုလည်း မတွေ့ရ မမြင်ရသောအခါ 'ငါ့နတ်သမီးတွေ ဘယ်ရောက်နေကြ

ပါလိမ့်’ဟု ဆင်ခြင် သုံးသပ်ကြည့်လိုက်မိ၏။ ထိုအခါ- သူ့နတ်သမီးများ အားလုံး ငရဲ၌ ရောက်နေကြောင်း တွေ့ရတော့သည်။

ထို့နောက် နတ်သားသည် သူ ချစ်သော နတ်သမီးငါးရာ စုတေ ကွယ်လွန်သွားခြင်းနှင့် ဆက်စပ်၍ “သူတို့တော့ စုတေကြပြီ၊ ငါကော ဘယ်အခါ သေမည်နည်း”ဟု ဆင်ခြင်ကြည့်သော် သူလည်း ကျန်ရှိသည့် နတ်သမီးငါးရာတို့နှင့် အတူ နောက် ခုနစ်ရက်ကြာလျှင် သေရတော့မည်၊ သေပြီး ငရဲကျတော့မည်ကို သိရပေတော့သည်။ ထိုအခါ နတ်သားသည် အလွန်အမင်း စိတ်ထိခိုက်ကာ ထိတ်လန့် ကြောက်ရွံ့ခြင်း ဖြစ်မိလေသည်။ ထိုအခါ သုပြဟ္မာနတ်သားသည် ဘုရားကို သတိရကာ ဘုရားရှင်ထံ သွားတော့သည်။ မြတ်စွာဘုရားထံ ရောက်သော အခါ နတ်သားသည် ဖြစ်စဉ်အားလုံးကို တင်ပြ လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက အသက်ရှည်ရာ ရှည်ကြောင်း ဖြစ် စေ သည့် ‘နာညတြ ဗောဇ္ဈာတပသာ’ အစ ချီသော ဂါထာတော်ကို ဟောကြားတော် မူပါသည်။ နတ်သားသည် သောတာပန် တည်လေ၏။ ထို ကာလမှ စ၍ ဤသက်တော်ရှည် ဂါထာတော် ဖြစ်ပေါ် ရွတ်ဆို ပွားများခဲ့ကြခြင်း ဖြစ်ပါသည်။

---

# ၃၄- သက်တော်ရှည်ဂါထာပါဠိ

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

## သက်တော်ရှည်ဂါထာတော် ရွတ်ဆို ပွားများရခြင်း အကျိုး

ဤ သက်ရှည် ဂါထာကို ရွတ်ဆို ပွားများသူအတွက် ဘေးအန္တရာယ် ကင်းရှင်းပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာ ကျက်သရေ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။ မိမိ၌ ကျရောက်လာနိုင်သော အသက်ဘေးအန္တရာယ် အသွယ်သွယ်ကို ဤဂါထာက အကာအကွယ် ပြုနိုင်ပါသည်။ ထို့ကြောင့် ဤဂါထာ ရွတ်ဆိုသူမှာ အသက်ရှည်ခြင်း အကျိုးကို ပြည့်ဝစွာ ခံစားရမည် ဖြစ်ပါသည်။

—၀—

## သက်တော်တည် ဂါထာတော် ဖြစ်စဉ်

ဤ သက်တော်တည် ဂါထာ မန္တန်တော်သည် အလွန်ဉာဏ်ထိုင်းသည့် တပည့်ဖြစ်သူ စူဠပန် အလောင်းတော်အား ဒိသာပါမောက္ခ ဆရာကြီးက သင်ပေးခဲ့သော မန္တန်တော် ဖြစ်ပါသည်။

အရှင် စူဠပန် အလောင်းသည် ဤ ဂါထာ မန္တန်တော်ကို ဆရာကြီးထံမှ သင်ယူရရှိပြီးနောက် မွေးရပ်သို့ ပြန်ခဲ့သည်။ တစ်နေ့တွင် ဘုရင်မင်းမြတ်သည် မြို့ပြ အခြေအနေကို အကဲခတ်သောအားဖြင့် ညပိုင်းကာလတွင် မြို့တွင်းသို့ တစ်ဦးတည်း

ထွက်ခဲ့ပါသည်။ ထိုသို့ ထွက်လာစဉ်၌ သူခိုးများသည် အိမ်တစ်အိမ်၏ အုတ်နံရံ အကာအကွယ်အား ဖောက်ထွင်းနေကြသည်ကို မင်းကြီးမြင်ရ၏။ ထိုသို့ သူခိုးများ ကြံစည် ကြိုးစားအားထုတ်နေကြချိန်တွင် စူဠပန် အလောင်းတော်လုလင်သည် သူ သင်ယူရရှိထားသော ဃဋ္ဋေသိ– ဃဋ္ဋေသိ– အစချီသည့် ဂါထာမန္တန်တော်ကို ရွတ်ဆို မိလျက်သား ဖြစ်သွားလေ၏။ ဤတွင် သူခိုးများသည် "ဟာ–ငါတို့ အကြံအစည် အလုပ်အကိုင်တွေ သိသွားပြီဟ" ဟု ဆိုကာ ဘာပစ္စည်းမှ မယူဝံ့ဘဲ ကိုယ်လွတ် ထွက်ပြေးကြရသောသည်။

ယင်းသို့သော ဖြစ်စဉ်ကို မှိုပြ အခြေအနေ လျှည့်လည်ကြည့်ရှုသော ဘုရင်မင်းမြတ် သိရှိတော်မူပေသည်။ ဖြစ်စဉ်ဖြစ်ရပ်နှင့်တကွ နေရာဒေသ အဝဝကို ဘုရင်မင်းမြတ် မှတ်သားထားခဲ့ပေသည်။ ထိုသို့ မှတ်သားခဲ့ပြီးနောက် နန်းတော်သို့ပြန်ကာ ယင်းလုလင်ကို ရှေ့တော်သို့ အခေါ် လွှတ်လေ၏။ လုလင်–ရှေ့တော်သို့ ရောက်သောအခါ ညက ဖြစ်စဉ်အားလုံး သိထားကြောင်း မင်းကြီးက ပြောပြ၏။ ထိုဂါထာ မန္တန်ကိုလည်း သင်ပေးရန်ပြော၏။ စူဠပန် အလောင်းလုလင်ကလည်း သင်ပေးလိုက်သည်။ မင်းကြီး က လုလင်အား ငွေအသပြာ ကစ်ထောင် ချီးမြှင့်လိုက်လေသည်။

ထို့နောက်တွင် ဝန်ကြီး တစ်ဦးသည် ခေါင်းရိတ်သမားကို ခေါ်၍ မင်းကြီး ခေါင်းရိတ်ခိုင်းသောအချိန်တွင် မင်းကြီးအား လည်ပင်းကို စားဖြင့်လှီး၍ သတ်ခိုင်းသည်။ သူက ဘုရင်လပ်၍ ခေါင်းရိတ်သမားအား စစ်သူကြီးရာထူး ခန့်မည်ဟု

ဆိုသည်။ ခေါင်းရိတ်သမားကလည်း ပြုလုပ်ပါမည်ဟု ဝန်ခံခဲ့သည်။

မင်းကြီးအား ခေါင်းရိတ်မည့်နေ့တွင် ခေါင်းရိတ်သမား (ဆတ္တာသည်)သည် ဓားကို ထက်သထက် ထက်အောင် သွေးနေလေ၏။ ထိုစဉ်၌ မင်းကြီးက "ဃဋ္ဋေသိ-ဃဋ္ဋေသိ" အစရှိသော ဂါထာ မန္တန်တော်ကို ရွတ်ပဘ်လိုက်ရာ ခေါင်းရိတ်သမား ဆတ္တာသည် သည် အလွန်ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်သွားလေသည်။

ထိုအခါ--ခေါင်းရိတ်သမားသည် သင်ဝှန်းဓားကို ဘေးမှာ ချထားပြီး ဘုရင်မင်းမြတ်ရှေ့တွင် အရှိအသေပြုလျက် အပြစ်ကို ခွင့်လွှတ်ရန် ဝန်ချ တောင်းပန်ရတော့သည်။ ဤတွင် ဘုရင်မင်းမြတ်က "ဤသို့ သင့်ကို ဘယ်သူ စေခိုင်းသနည်း၊ အမှန်ကို ပြောပြလျှောက်တင်ပေလော့"ဟု မိန့်တော်မူ၏။ ခေါင်းရိတ်သမားကလည်း အမှန်အတိုင်း ဝန်ခံ လျှောက်တင်လိုက်သည်။ အကြောင်းစုံ သိသောအခါ ဘုရင်မင်းမြတ်သည် စစ်သူကြီးအား ပြည်နှင်ဒဏ်ပေးသည်။ ဂါထာ သင်ပေးခဲ့သော စူဠပန်အလောင်းလုလင်အား စစ်သူကြီးရာထူးကို အပ်နှင်း လိုက်လေတော့၏။

ဘုရင်မင်းမြတ်သည် ဤဂါထာ မန္တန်တော်ကို ရွတ်ဆိုခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်။ ထိုသို့သော အဖြစ်အပျက်ကို အခြေခံ၍ ဤဂါထာ မန္တန်တော်ကို ဗုဒ္ဓသာသနာဝင်များ ရွတ်ဆို ပွားများခဲ့ကြခြင်း ဖြစ်ပါသည်။

# ၃၅-သက်တော်တည်ဂါထာပါဠိ

ယန္တေသိ ယန္တေသိ၊ ကိံ ကာရဏာ ယန္တေသိ၊
အဟမ္ပိ တံ ဇာနာမိ။

သက်တော်တည် ဂါထာတော် ရွတ်ဖတ်ရခြင်း အကျိုး

ဤဂါထာတော်ကို ရွတ်ဖတ်ပွားများသူတို့သည် အသက်ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရုံမက စည်းစိမ် ဥစ္စာရတနာ တိုးတက်ခြင်း၊ သူခိုး-ဓားပြ ဘေးရန်မှ လွတ်ကင်းခြင်း-စသော အကျိုးထူးများ ရရှိမည် ဖြစ်ပါသည်။

—o—

## ဇာလွန်ပြည်တော်ပြန်စမ္မခဏ်ဂါထာတော်ဖြစ်စဉ်

ရခိုင်ပြည့်ရှင် ဘုရင်စန္ဒသူရိယမင်း၊ ပင့်လျှောက်ချက် အရ မဟာသက္ကရာဇ် (၁၁၃)ခု နှစ်တွင် သဗ္ဗညု မြတ်စွာဘုရား သခင်သည် ရခိုင်ပြည်သို့ ကြွရောက်၍ သရဏဂုံသီလဖြင့် ချီးမြှင့် ကာ ဓညဝတီ တစ်တိုင်းပြည်လုံး ဗုဒ္ဓဘာသာဝင် ဥပါသကာ ဥပါသိကာများ အဖြစ်သို့ ရောက်ရှိကြကုန်သည်။

ဓညဝတီမှ- မြတ်ဗုဒ္ဓဘုရား ပြန်လည် ကြွချီမည် ပြုရာ စန္ဒသူရိယမင်း၏ တောင်းပန် လျှောက်ထားချက်အရ ကိုယ်

စားတော် ပုံသွင်ကို သွန်းလုပ်ခွင့်ပြုပြီး ရင်ငွေ့တော် ခုနစ်ကြိမ် ပေးခဲ့သဖြင့် မဟာမုနိဘုရားဟု ဘွဲ့တော် ထင်ရှားခဲ့သည်။

ကိုယ်စားတော် မဟာမုနိသွန်းလုပ်ပြီး ကြွင်းကျန်သော ကြေး- ငွေ- ရွှေရတနာတို့ကို သွန်းလုပ်ကြရာ (ရှင်ကျော်)၊ (ရွှေဘုံသာ)၊ (ရန်အောင်မြင်) ဟူသော ရုပ်ပွားတော်ငယ် သုံးဆူ ရရှိပြန်သည်။

ထိုဆင်းတုငယ် ၃-ဆူ အနက် ရန်အောင်မြင်ရုပ်ပွားတော်မှာ မဟာမုနိ ရုပ်ပွားတော်၏ လက်ယာဘက်တွင် ထား၍ လက်ယာ ရုပ်ပွားတော်ဟု ခေါ်သည်။

သက္ကရာဇ် ၁၁၄၆-ခုနှစ်တွင် အမရပူရ ရွှေနန်းရှင် ဘိုးတော် ဘုရား၏ သားတော် အိမ်ရှေ့ ဥပရာဇာက ဓညဝတီ ရခိုင်ပြည်ကို သိမ်းယူ၍ မဟာမုနိရုပ်ပွားတော်နှင့် အရံ ရုပ်ပွားတော် ၃-ဆူပါ ပင့်ဆောင်လာခဲ့ပြီး မဟာမုနိ ရုပ်ပွားတော်ကို ဂန္ဓကုဋိ တိုက် တော်နှင့် ထားပြီး ကျန်(၃)ဆူကိုရွှေနန်းတော်ဦးတွင် ကိုးကွယ် ထားလေသည်။

သက္ကရာဇ် ၁၂၁၄-ခုနှစ် ပုဂံမင်းလက်ထက် ဇလွန်မြို့သူကြီး ဦးရွှေပွင့်သည် မြို့သူ-မြို့သားများ ကိုးကွယ်ဖို့ ရုပ်ပွားတော် တစ်ဆူသွန်းလုပ်ရန် တစ်မြို့လုံး လှူဒါန်းသော ရွှေ-ငွေ-ကြေး-သံ တို့ကို ( ရန်လွင့် )ခေါ် လှေကြီးနှင့် တင်၍ အမရပူရသို့ ရောက်လာပြီး အစ်မဝမ်းကွဲတော်သူ ပုဂံမင်း မိဖုရားကြီးထံ ဝင်ရောက်ခစား၍ ပန်းဘဲပိုသရာ မောင်မောင်လပ်အားခေါ်၍ မိဖုရားကြီးက ရုပ်တုတော် သွန်းလုပ်စေသည်။

ဤအချိန်တွင် ပုဂံမင်းနှင့် မင်းတုန်း-ကနောင်မင်းတို့ မသင့်မတင့်ဖြစ်ကာ နေပြည်တော်တွင် အရေးအခင်းများ ပေါ်ပေါက်လာသဖြင့် ရုပ်ပွားတော် သွန်းလုပ်မှုများ မပြီးစီး သဖြင့် နန်းတော်ဦးမှ ရန်အောင်မြင် ရုပ်ပွားတော်ကို ခေတ္တခဏ ပင့်ဆောင်ပြီး ရန်လှင့်ခေါ် ဖလှတော်ကြီးဖြင့် ဇလွန်မြို့သို့ ပြန်လည် ရောက်ရှိ ကိုးကွယ်ခဲ့ကြသည်။

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် အောက် မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းပိုက်၍ ကြေးပိုက်ဆံ ကျည်ဆံများ ပြုလုပ်ရန် ကြေးဆင်းတုများကို ကုလားဖြူ များက သိမ်းယူရာ ဇလွန်မြို့ မာရ်အောင်မြင် ဘုရားကိုပါ သိမ်းယူ၍ ဆာဂျန်ဆင် ဆိုသူ ကုလားဖြူဗိုလ်က (ရှေးဟောင်း)ဆိုသော သဘောဖြင့် တင်ယူသွားလေသည်။

ဘုံဘိုင်မြို့သို့ ရောက်သောအခါ ကြေးဆင်းတုများကို ကြိုချ၍ ကြေးပိုက်ဆံ ကျည်ဆံလုပ်ကြသည်။ မာရ်အောင်မြင် ဆင်းတုတော်မှာမူ မီးနှင့်ကြိုရာ အရည်မပျော်ဘဲ မိုးကြီး လေကြီးကျ၍ မီးကြိုသူ ကုလား ၆-ယောက် သွေးအန် ဝမ်းလျှောကာ သေဆုံးကုန်ကြသည်ဆို၏။

ထို အချိန်တွင် ဝိတိုရိယဘုရင်မကြီးမှာ ခေါင်းကိုက်ဝေဒနာ ပြင်းထန်စွာဖြစ်၍ ဒေါက်တာ ဆရာဝန်များ ကုသမရဘဲရှိရာ (ဖင်ညတွင်- ဘုံဘိုင်ရှိ ဗမာဘုရားကို မူလ နေရပ်သို့ ပြန်ပို့မှ ရောဂါပျောက်မည်- ပြန်မပို့က နတ်ရွာစံမည်)ဟု အိပ်မက်

မက်သဖြင့် ဘုံဘိုင်ရှိ ဂိုဒေါင်တွင်းမှာ ရှာဖွေပြီး မြန်မာပြည်သို့ ပြန်ပို့မှသာ ရောဂါပျောက်ကင်းသွားသည် ဆို၏။

ထိုမာရ်အောင်မြင်ဘုရား၏ အောက်ခြေပလ္လင် ဝမ္မခဏ်တွင် ရှိနေသော ဂါထာ ကြိုက်၏ အစွမ်း သတ္တိ ကြောင့်သာ ပြည်တော်သို့ ပြန်ရောက် သည်ဟု ယုံကြည်လျက် ၎င်းဂါထာ ကို ကူးယူရိုက်နှိပ်ကာ တစ်နိုင်ငံလုံး ဖြန့်ဝေသည်မှစ၍ (ဇလွန်-ပြည်တော်ပြန် ဇမ္ဗူ ဂါထာ)ဟု ဖြစ်ပေါ် ရွတ်ဆို ပွားများ ကြကုန်သတည်း။

---

## ၃၆။ ဇလွန်ပြည်တော်ပြန်ဂါထာပါဠိ

ဠုဘ်ပ ပိဋကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ၊

သတ္တဗောဇ္ဈင်္ဂေါ၊ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ စတုပဋ္ဌာနံ၊

သဗ္ဗဿ ဉာဏော၊ သဟာဿ သူရိယော၊ ဩဘာသ နမော

မေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊

အဂ္ဂိဘယံ၊ သတ္တုဘယံ၊ သဗ္ဗဘယံ၊ ဇေယျော၊

ဇေယတု မင်္ဂလံ၊ ဒွန်း သာဓက ပဋိစ္စသမုပ္ပန်၊

ပဒ္ဓမ္မံ၊ ဝယဒေ ဂဂဏော၊ နိဂြောဓမ္မံ၊ ဥမတိ။

## စမ္မခဏ် ဂါထာတော် ရွတ်ဆိုရခြင်းအကျိုး

ဤ ပြည်တော်ပြန် ဂါထာကို နေ့စဉ် မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ရခြင်းဖြင့် အတွင်းရန် အပြင်ရန်များ ကင်းစင် ပပျောက်ခြင်း–သူတစ်ပါးတို့ မကောင်း မကြံစည်နိုင်ခြင်း၊ မိမိ တောင့်တသော ဆုကို ရရှိနိုင်ခြင်း၊ အိမ်သူ အိမ်သားများနှင့် မကွဲမကွာနေရခြင်း၊ မိမိနေလိုသော အရပ်ဒေသမှာသာ နေရခြင်း စသည့် အကျိုးများကို ခံစားနိုင်ပါသည်။

မှတ်ချက်။ ။လေ့န်မြို့ ပြည်တော်ပြန်ဘုရား ဂေါပကအဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေသော ဘုရားသမိုင်း အကျဉ်းမှ ထုတ်နုတ် တင်ပြပါသည်။

—၀—

## ရတနာဂူရှေ့ချိုင့် ဂါထာတော် ဖြစ်စဉ်

ရတနာဂူရှေ့ချိုင့် ပါဠိဂါထာသည် တစ်ချိန်က ဘုန်းတော်ကြီး ကျောင်း ပညာရေးလောကၕ နေရာရခဲ့သဖြင့် ဗုဒ္ဓဘာသာ လောကတွင် ထင်ရှားသော ဂါထာတစ်ရပ် ဖြစ်ခဲ့ပေသည်။ ဘုရားရှင်တို့အား မိမိ၏ ဦးခေါင်းစသည်သို့ ကြွရောက် တည်နေ ရန် ပင့်ဖိတ် ပူဇော်ကာ အရံအတားပြုခြင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သာဝကကြီးများအား ပင့်ဖိတ် ပူဇော်ကာ အရံအတား ပြုခြင်း၊ ရတနသုတ်ပရိတ်၊ မေတ္တသုတ်၊ ဓဇဂ္ဂသုတ်-စသော

ပရိတ်တော်များကိုလည်း မိမိ၏ ကိုယ်အင်္ဂါ ကောင်းမြတ်ရာ ဌာနများ၌ တည်ပါစေဟု အဓိဋ္ဌာန်ပြုခြင်း၊ ယင်းသို့ အဓိဋ္ဌာန် ပြုကာ ဘေးရန်အန္တရာယ် ကင်းရှင်းစေခြင်းစသော အကြောင်း အကျိုးများကို အခြေခံကာ ရှေးပညာရှိကြီးများက ဤရတနာ ရွှေချိုင့် ဂါထာတော်ကို စီစဉ်ပေးခဲ့ကြခြင်း ဖြစ်ပါသည်။

# ၃၇- ရတနာရွှေချိုင့်ဂါထာပါဠိ

၁။ ဇယာသနာဂတာ ဗုဒ္ဓါ၊ ဇေတွာ မာရံ သ ဝါဟနံ။
စတုသစ္စာမတရသံ၊ ယေ ပိဝိံသု နရာသဘာ။

၂။ တဏှင်္ကရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝီသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။

၃။ သီသေ ပတိဋ္ဌိတော နော သိ၊
ဗုဒ္ဓေါ ဓမ္မော ဒွိ လောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ သဗ္ဗဂုဏာကရော။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊ သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆာဘာဂသ္မိံ၊
မောဂ္ဂလ္လာနော စ ဝါမကေ။

၅။ ဒက္ခိဏေ သဝဏေ မယှံ၊ အာသုံ အာနန္ဒ ရာဟုလာ။
ကဿပေါ စ မဟာနာမော၊
ဥဘောသုံ ဝါမသောတကေ။

၆။ ကေသန္တေ ပိဋ္ဌိ ဘာဂသ္မိံ၊ သူရိယော၀ ပဘံကရော။
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိ ပုင်္ဂဝေါ။

၇။ ကုမာရ ကဿပေါ နာမ၊ မဟေသီ စိတြဝါဒကော။
သော မယှံ ဝဒနေ နိစ္စံ၊ ပဋိဘာသိ ဂုဏာကရော။

၈။ ပုဏ္ဏော, အင်္ဂုလိမာလော စ၊ ဥပါလိ, နန္ဒ, သီဝလိ။
ဣမေ ပဉ္စ မဟာထေရာ၊ နလာဋေ တိလကာ ဝိယ။

၉။ တေဟိ သေသာ မဟာထေရာ၊
ဇိတဝန္တော ဇိနောရသာ။
ဇလန္တာ သီလ တေဇေန၊ အင်္ဂမင်္ဂေသု သဏ္ဌိတာ။

၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ မေတ္တသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂုလိမာလကံ။

၁၁။ ခန္ဓ,မောရ,ပရိတ္တဉ္စ၊ အာဋာနာဋိယသုတ္တကံ။
အာကာသေ ဆဒနံ အာသိ၊
သေသာ ပါကာရ လင်္ကတာ။

၁၂။ ဇိနာနံ ဗလသံယုတ္တေ၊ ဓမ္မပါကာရလင်္ကတေ။
ဝသတော မေ အကိစ္စေန၊ သမ္မာသမ္ဗုဒ္ဓပဉ္ဇရေ။

၁၃။ ဝါတပိတ္တာဒိသဉ္ဇာတာ၊ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊ အနန္တဂုဏတေဇသာ။

၁၄။ ဇိန ပဉ္ဇရ မဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာ ပုရိသာသဘာ။

၁၅။ ကတော ဣစ္စေဝမေ ကန္တံ၊ သုရက္ခော ဇိန တေဇသာ။
ဂုဏာ ကရဿ သံဃဿ၊ ဘဝေယျံ သုခိတော အဟံ။

### ရတနာရွှေချိုင့် ဂါထာတော် ရွတ်ဆိုရခြင်းအကျိုး

ဤရတနာ ရွှေချိုင့် ဂါထာတော်ကို ရွတ်ဆို ပွားများ အားထုတ်သူတို့မှာ ဘေးရန်အန္တရာယ်ကင်းရှင်းခြင်း၊ ရန်သူကို အောင်နိုင်ခြင်း၊ အမှောင့် ပယောဂ မကပ်မိနိုင်ခြင်း-ဘေးဆိုး ရန်ဆိုး ရောဂါဆိုးများမှ ကင်းလွတ်ခြင်းစသော အကျိုး တရားတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

—ဝ—

ဘေးအန္တရာယ် ကင်း၍ လူနတ် ချစ်ခင်လျက်
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစေသော

## ၃၈- ဂေါတမခေတ်ပရိတ်ပါဠိ

၁။ ဧဝံ မေ သုတံ-ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ တတြ ခေါ ဘဂဝါ အာယသ္မန္တံ အာနန္ဒံ ဧတဒဝေါစ။

၂။ အဓိဂတော ခေါ မျာယံ ဓမ္မော၊ ဧဝံ အာနန္ဒ မယာ ပါရမိယော ပူရေတွာ ဗုဒ္ဓတ္တံ ပတွာ-မာရသေနံ ဝိဒ္ဓံသေတွာ အသနိစက္ကဿ ပတိတော ဝိယ ခုရစက္ကဿ ပတိတော ဝိယ။ ဧဝံ အာနန္ဒ မယာ ပါရမိယော ပူရေတွာ ဗုဒ္ဓတ္တံ ပတွာ မာရသေနံ ဝိဒ္ဓံသေတွာ တဒါ လဒ္ဓဓမ္မစက္ကဿ

အာနုဘာဝေန ပုရတ္ထိမာယ ဒိသာယ အာဂတာနံ သတ္တရူဘာယံ အသီတိသတသဟဿာနံ မဒ္ဒတိ, ဝိဒ္ဓံသေတိ, အတ္ထင်္ဂမေတိ, နိဗ္ဗာပေတိ။

ပုရတ္ထိမာယ အနုဒိသာယ အာဂတာနံ သတ္တရူဘာယံ အသီတိသတသဟဿာနံ မဒ္ဒတိ, ဝိဒ္ဓံသေတိ, အတ္ထင်္ဂမေတိ, နိဗ္ဗာပေတိ။

၃။ ဒက္ခိဏာယ ဒိသာယ အာဂတာနံ သတ္တရူဘာယံ ။ပ။ ဒက္ခိဏာယ အနုဒိသာယ အာဂတာနံ သတ္တရူဘာယံ ။ပ။

၄။ ပစ္ဆိမာယ ဒိသာယ အာဂတာနံ သတ္တရူဘာယံ ။ပ။ ပစ္ဆိမာယ အနုဒိသာယ အာဂတာနံ သတ္တရူဘာယံ ။ပ။

၅။ ဥတ္တရာယ ဒိသာယ အာဂတာနံ သတ္တရူဘာယံ ။ပ။ ဥတ္တရာယ အနုဒိသာယ အာဂတာနံ သတ္တရူဘာယံ ။ပ။

၆။ ဟေဋ္ဌိမာယ ဒိသာယ အာဂတာနံ သတ္တရူဘာယံ ။ပ။

၇။ ဥပရိမာယ ဒိသာယ အာဂတာနံ သတ္တရူဘာယံ ။ပ။

၈။ ဧဝံ အာနန္ဒ မယာ ပါရမိယော ပူရေတွာ ဗုဒ္ဓတ္တံ ပတွာ မာရသေနံ ဝိဒ္ဓံသေတွာ လဒ္ဓဓမ္မစက္ကဿ အာနုဘာဝေန ဣမသ္မိံ ဝိဟာရေ ဂေါစရဂါမေ ဇနပဒေ နိဂမေ နဂရေ ရဋ္ဌေ ဇမ္ဗုဒီပေ စက္ကဝါဠေ ဇာတိခေတ္တေ အာဏာခေတ္တေ ဝိသယခေတ္တေ ဌိတာ ဘိက္ခူ ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဂဟပတိ ဝါ ဂဟပတာနီ ဝါ သုဒ္ဒေါ ဝါ သုဒ္ဒီ ဝါ ဝဿော ဝါ ဝဿီ ဝါ ဗြာဟ္မဏော ဝါ ဗြာဟ္မဏီ

ဝါ ရာဇာ ဝါ ရာဇဒေဝိ ဝါ ဥပရာဇာ ဝါ ဥပရာဇဒေဝိ ဝါ အမစ္စော ဝါ အမစ္စဘရိယော ဝါ တေ သဗ္ဗေ သုခိတာ ဟောန္တု၊ အနီဃာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အဝေရာ ဟောန္တု၊ အရောဂါ ဟောန္တု၊ အညမညံ ပိယာ ဟောန္တု၊ မမမ္ပိ ဝါ သဗ္ဗလောကမ္ပိ ဝါ။

၉။ သီသရောဂေါ စက္ခုရောဂေါ သောတရောဂေါ ဃာနရောဂေါ ဇိဝှာရောဂေါ မုခရောဂေါ ဒန္တရောဂေါ ဩဋ္ဌရောဂေါ ဟနုရောဂေါ ဂီဝါရောဂေါ ဟတ္ထရောဂေါ ပါဒရောဂေါ ကုစ္ဆိရောဂေါ ပိဋ္ဌိရောဂေါ အင်္ဂရောဂေါ မံသ-ရောဂေါ စမ္မရောဂေါ သကလသရီရရောဂေါ ပဉ္စဝီသတိ ဘယာ ဒွတ္တိံသ ကမ္မကရဏာ ဆန္နဝုတိ ရောဂါ သောဠသ ဥပဒ္ဒဝါ စ ဝိဒ္ဓံသေန္တု၊ အတ္ထင်္ဂမေန္တု၊ နိဗ္ဗာပေန္တု၊ ဒူရင်္ဂမာ ဘဝန္တု။

၁၀။ ဝေံ ဘဂဝတာ ဘာသိတံ အာယသ္မာ အာနန္ဒော အဘိနန္ဒတိ။

ဂေါတမစက္ကပရိတ္တံ နိဋ္ဌိတံ။

ကောင်းကျိုး ချမ်းသာ မင်္ဂလာရှိခြင်း၊
ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း
စသော အကျိုး ထူးများ ဖြစ်စေနိုင်သည့်

# ဘုရားနှစ်ကျိပ်ရှစ်ဆူခက်ပရိတ်ပါဠိ

၁။ တဏှင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တ-တေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

| | | | | |
|---|---|---|---|---|
| ၂။ မေဓင်္ကရော | ဗုဒ္ဓေါ | ဘဂဝါ | ။ပ။ | အနန္တဇုတိ။ |
| ၃။ သရဏင်္ကရော | ။ | ။ | ။ | ။ |
| ၄။ ဒီပင်္ကရော | ။ | ။ | ။ | ။ |
| ၅။ ကောဏ္ဍညော | ။ | ။ | ။ | ။ |
| ၆။ မင်္ဂလော | ။ | ။ | ။ | ။ |
| ၇။ သုမနော | ။ | ။ | ။ | ။ |
| ၈။ ရေဝတော | ။ | ။ | ။ | ။ |
| ၉။ သောဘိတော | ။ | ။ | ။ | ။ |
| ၁၀။ အနောမဒဿီ | ။ | ။ | ။ | ။ |
| ၁၁။ ပဒုမော | ။ | ။ | ။ | ။ |
| ၁၂။ နာရဒော | ။ | ။ | ။ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁၃။ | ပဒုမုတ္တရော | ဗုဒ္ဓေါ | ဘဂဝါ | ။ပ။ | အနန္တဇုတိ။ |
| ၁၄။ | သုမေဓော | ။ | ။ | ။ | ။ |
| ၁၅။ | သုဇာတော | ။ | ။ | ။ | ။ |
| ၁၆။ | ပိယဒဿီ | ။ | ။ | ။ | ။ |
| ၁၇။ | အတ္ထဒဿီ | ။ | ။ | ။ | ။ |
| ၁၈။ | ဓမ္မဒဿီ | ။ | ။ | ။ | ။ |
| ၁၉။ | သိဒ္ဓတ္ထော | ။ | ။ | ။ | ။ |
| ၂၀။ | တိဿော | ။ | ။ | ။ | ။ |
| ၂၁။ | ဖုဿော | ။ | ။ | ။ | ။ |
| ၂၂။ | ဝိပဿီ | ။ | ။ | ။ | ။ |
| ၂၃။ | သိခီ | ။ | ။ | ။ | ။ |
| ၂၄။ | ဝေဿဘူ | ။ | ။ | ။ | ။ |
| ၂၅။ | ကကုသန္ဓော | ။ | ။ | ။ | ။ |
| ၂၆။ | ကောဏာဂမနော | ။ | ။ | ။ | ။ |
| ၂၇။ | ကဿပေါ | ။ | ။ | ။ | ။ |

၂၈။ ဂေါတမော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တပုညာ အနန္တဂုဏာ အနန္တဉာဏာ အနန္တတေဇာ အနန္တဣဒ္ဓိမန္တာ အနန္တဇုတိမန္တာ၊ နမော တေသံ အဋ္ဌဝီသတိယာ ဗုဒ္ဓါနံ ဘဂဝန္တာနံ အရဟန္တာနံ သမ္မာသမ္ဗုဒ္ဓါနံ။

## သမ္ဗုဒ္ဓေ ဂါထာတော် ဖြစ်စဉ်

သမ္ဗုဒ္ဓေ ဂါထာတော်ကို မည်သည့်ခေတ် မည်သည့်အချိန်က စတင် ပေါ်ပေါက်လာကြောင်း ပညာရှင်များ အတိအကျ ဆုံးဖြတ်ချက်မရှိချေ။ ယင်းဂါထာတော်ကို မည်သူရေးခဲ့ကြောင်းလည်း ယခုထိ မသိရသေးချေ။ သို့ရာတွင်- ယင်းသမ္ဗုဒ္ဓေ ဂါထာပါဠိသည် သဒ္ဒါရေး အားဖြင့်လည်း အနေ အထား ကောင်းမွန်ခြင်း၊ ဖွဲ့နွဲ့-သီကုံးမှုလည်း ချောမွေ့ခြင်း-စသော အချက်များကို အခြေခံကာ ပညာရှင်များက အဆိုပါ သမ္ဗုဒ္ဓေ ဂါထာကို လေးစားစွာ လက်ခံခဲ့ကြပေသည်။ ယင်းသို့ ပညာရှင် အဆက်ဆက်တို့ လက်ခံ ရွတ်ဆိုခဲ့ကြရာမှ ဗုဒ္ဓဘာသာဝင် အများစု နှုတ်ဖျားသို့ ရောက်ရှိကာ ကျယ်ပြန့်စွာ ရွတ်ဆို ခဲ့ကြခြင်း ဖြစ်ပါသည်။

---

## ၄၀- သမ္ဗုဒ္ဓေဂါထာပါဠိ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမာကာရ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

## သမ္ဗုဒ္ဓေ ဂါထာတော် ရွတ်ဆိုရခြင်းအကျိုး

မြတ်လုစိန္တေ၊ သမ္ဗုဒ္ဓေဟု၊ ဆုဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါ်လျှင်ဒသ၊ ဘတ္တတြိန်း၊ ဆီလိမ်းပဥ္စ၊ စီးထလှေမှာ၊ ရှစ်ကြိမ်သာတည်း၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊ ချုပ်မိုးညဥ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၍၊ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ရောက်သောခါ၊ ရွတ်ပါကိုးကြိမ်၊ တည်ငြိမ်သန္ဒေ၊ မဖွားနေမူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ၊ ချမ်းသာရ၏၊ ခေတ္တနှောင်သွင်း၊ သံခြေကျင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏၊ ပန်းမွှေးချေက၊ ရွတ်လေနှစ်ခေါက်၊ ခရီးရှောက်ရာ၊ ခေါင်းမှာ တင်စိုက်၊ ရန်ဘေး နှိုက်လည်း၊ မကြိုက်ကင်းပ၊ မြူမှုမလိမ်း၊ ကင်းလွတ်ငြိမ်း၏၊ ရှောင်တိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည်း၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရှာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့၊ ကောင်းခြင်း သမ္ဗုဒ္ဓေ၏ အကျိုးတည်း။

### လက်ာ၏ အဓိပ္ပာယ်

၁။ ကွမ်းစားလျှင် သမ္ဗုဒ္ဓေ ဂါထာကို (၇) ခေါက် ရွတ်ပါ၊

၂။ ခေါင်းလျှော်လျှင် (၁၀)ခေါက်ရွတ်ပါ၊

၃။ ထမင်းစားလျှင် (၃) ခေါက်၊

၄။ ဆီလိမ်းလျှင် (၅)ခေါက်၊

၅။ လော့စီးလျှင် (၈)ခေါက်၊

၆။ နံ့သာလိမ်းခြင်း–ပန်းပန်ခြင်း၌ (၉) ခေါက်၊

၇။ အိပ်ရာဝင်လျှင် (၉)ခေါက်၊

၈။ ရန်သူနှင့် တွေ့လျှင် (၁၁)ခေါက်၊

၉။ စစ်ထိုးစစ်ဆင်ပြုရာတွင် (၉)ခေါက်၊

၁၀။ မီးမဖွားနိုင်လျှင် ဤဂါထာကို ရေ၌ (၉)ခေါက် ရွတ်၍တိုက်၊

၁၁။ ဖမ်းဆီး ချုပ်နှောင်ခြင်း ခံရလျှင် သမ္ဗုဒ္ဓေ ဂါထာ တော်ကို အခေါက်ပေါင်း (၁၀၀၀) တစ်ထောင်ရွတ်၊

၁၂။ ခရီးသွားလျှင် ပန်းကို သမ္ဗုဒ္ဓေ ဂါထာဖြင့် (၂)ခေါက် ရွတ်ဖတ်၍ ယင်းပန်းကို ဆောင်ယူ အရံအတား ပြုသွားပါက ရန်ဘေး ကင်းသည်။ ရောဂါနှိပ်စက်မှုမှလည်း ကင်းဝေးရသည်။ စိုးရိမ် သောက ဗျာပါရမှုတို့မှလည်း ကင်းဝေးရသည်။

၁၃။ ဤဂါထာတော်ကို နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ် ပါလျှင် မိမိဘဝ၌ ရေပြည့်အိုးပမာ တိုးတက် လျက်သာ ရှိနေမည်။ မညှိုးသော ပန်းကဲ့သို့လည်း ရှိမည်။ ကောင်းကင်မှ လမင်းကြီးတင့်တယ်မှုကဲ့သို့ တင့်တယ်မှုမျိုးကို ရမည်။

ဖော်ပြပါ အချက်ဘိုမှာ-လက်ာ၏ အဓိပ္ပာယ်ပင် ဖြစ်သည်။ လက်တွေ့ မျက်မြင်သာဓကများကို အခြေခံကာ ရှေးပညာရှင်ကြီးများ စီရင်ထားခဲ့သော လက်ာဖြစ်ရာ ယင်းလက်ာ၌ပါသည့် အကျိုးတရားများ ရရှိအောင် ယုံယုံကြည်ကြည်- လေးလေးစားစားဖြင့် သမ္ဗုဒ္ဓေဂါထာကို ရွတ်ဖတ်ကြရန် ဖြစ်ပါသတည်း။

—၀—

## ၄၁ • ကံပွင့် ကံပွင့် ကံဖြင့် ဂါထာပါဠိ

တနင်္ဂနွေအစ-စနေအဆုံး ခုနစ်ရက်သားသမီးများကုသိုလ်ကံ အမြဲကောင်းခနစေရန်-ကံလမ်းအခွင့် ပွင့်ပွင့်လင်းလင်း ရှိစေရန် ကံလမ်းအဆင့် မြင့်သလက်မြင့်ဖို့ မြှင့်တင်နိုင်ရန်- လောကီ-လောကုတ္တရာ အကျိုး ၂-ပါး ပြီးစီးစေရန် ရှေးဆရာတော်ကြီးများ ကြံဆ စီစဉ်ခဲ့ရာ အာဋာနာဋိယ ဆရာတော် ဦးဓမ္မာဒေဝတိမယ မထေရ်မြတ်ကြီးက တနင်္ဂနွေမှသ ဘုရားများမှအစ-စနေနေ့ပွား ဘုရားထိ ၄-ဆူစီ ၂-ကျိပ် ၂၈ဆူကို တနင်္ဂနွေအစ စနေအဆုံး လူအားလုံးက ဆိုင်ရာ-ဆိုင်ရာ နေ့သင့် နံသင့် ရှိခိုးပူဇော်၍ အကျိုးရှိရှိ ဆုတောင်းနိုင်စေရန် စီစဉ်ခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ၁။ တနင်္ဂနွေနေ့ဖွားဘုရားများ

၁။ မေဓင်္ကရာဘုရား၊
၂။ သောဘိတဘုရား၊
၃။ ပိယဒဿီဘုရား၊
၄။ သိခီဘုရား။

### ဘုရား ၄-ဆူ ရှိခိုး ဂါထာ

က။ မေဓင်္ကရော သောဘိတော စ၊ ပိယဒဿီ သိခီ ဇိနော။
ရဝိဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

### ဆုတောင်း ဂါထာ

ခ။ နမနေနာနေန ကမ္မေန၊ ဝိနဿတု ပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

## ၂။ တနင်္လာနေ့ဖွား ဘုရားများ

၁။ သရဏင်္ကရာ ဘုရား၊
၂။ အနောမဒဿီဘုရား၊
၃။ အတ္ထဒဿီဘုရား၊
၄။ ဝေဿဘူဘုရား။

### ဘုရား ၄-ဆူ ရှိခိုး ဂါထာ

(က) သရဏင်္ကရာနောမာ စ၊ အတ္ထဒဿီ စ ဝေဿဘူ။
စန္ဒဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

ဆုတောင်း ဂါထာ

(ခ) နမေန္နာနေန္န ကမ္မေန၊ ဝိနဿတု ပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

၃-အင်္ဂါနေ့ဖွား ဘုရားများ

၁။ ဒီပင်္ကရာ ဘုရား၊

၂။ ပဒုမ ဘုရား၊

၃။ ဓမ္မဒဿီဘုရား၊

၄။ ကကုသန်ဘုရား။

ဘုရား ၄-ဆူ ရှိခိုးဂါထာ

(က) ဒီပင်္ကရော ပဒုမော စ၊ ဓမ္မဒဿီ ကကုသန္ဓော။
ဓဘာမဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ၊

ဆုတောင်း ဂါထာ

(ခ) နမေန္နာနေန္န ကမ္မေန၊ ဝိနဿတု ပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

၄။ ဗုဒ္ဓဟူးနေ့ပွား ဘုရားများ

၁။ ကောဏ္ဍညဘုရား၊

၂။ နာရဒဘုရား၊

၃။ သိဒ္ဓတ္ထဘုရား၊

၄။ ကောဏာဂုံဘုရား။

ဘုရား ၄-ဆူ ရှိခိုးဂါထာ

(က) ကောဏ္ဍညော နာရဒေါ သတ္တာ၊
သိဒ္ဓတ္ထော ကောဏာဂမနော။
ဗုဒ္ဓဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

ဆုတောင်းဂါထာ

(ခ) နမေနနာနေန ကမ္မေန၊ ဝိနဿတု ပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခံ ဘဝန္တု မေ။

၅။ ကြာသပတေးနေ့ပွား ဘုရားများ

၁။ မင်္ဂလဘုရား၊

၂။ ပဒုမုတ္တိုရ်ဘုရား၊

၃။ တိဿဘုရား၊

၄။ ကဿပဘုရား။

ဘုရား ၄-ဆူ ရှိခိုးဂါထာ

(က) မင်္ဂလော ပဒုမုတ္တရော၊ တိဿော နာဂသော စ ကဿပေါ။
ဂုရုဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

ဆုတောင်းဂါထာ

(ခ) နမေနနာနေန ကမ္မေန၊ ဝိနဿတု ပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခံ ဘဝန္တု မေ။

## ၆။ သောကြာနေ့ဖွား ဘုရားများ

၁။ သုမနဘုရား၊

၂။ သုမေဓာဘုရား၊

၃။ ဖုဿဘုရား၊

၄။ ဂေါတမဘုရား။

### ဘုရား ၄-ဆူ ရှိခိုး ဂါထာ

သုမနော သုမေဓော ဗုဒ္ဓေါ၊
ဖုဿဇိနော စ ဂေါတမော။
သုက္က ရ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

### ဆုတောင်း ဂါထာ

နမေန်နာနေန ကမ္မေန၊ ဝိနဿတု ပေါရာဏကံ။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

## ၇။ စနေနေ့ဖွား ဘုရားများ

၁။ တဏှင်္ကရာဘုရား၊

၂။ ရေဝတဘုရား၊

၃။ သုဇာတဘုရား၊

၄။ ဝိပဿီဘုရား။

## ဘုရား ၄-ဆူ ရှိခိုးဂါထာ

(က) တဏှင်္ကရော ရေဝတော စ၊ သုဗ္ဗာတော ဝိပဿီကော၊

သောရိဝါရေ အဘိဇာတာ၊ တေ နမဿာမိ သဗ္ဗဒါ။

## ဆုတောင်း ဂါထာ

(ခ) နမနေနုာနေန ကမ္မေန၊ ဝိနဿတု ပေါရာဏကံ။

စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခိ ဘဝန္တု မေ။

## ကုသိုလ်ကံပွင့် ကံမြင့်ဂါထာ ရွတ်ဆိုရခြင်း အကျိုး

ခုနစ်ရက် သားသမီးများအတွက် ကံပွင့် ကံမြင့် ဂါထာတော် မှာ သာမည မဟုတ်ချေ။ ဘုရားနှစ်ကျိပ်ရှစ်ဆူကို မပြတ် အာရုံ ယူ၍ ကြည်ညိုသဒ္ဓါ ပွားနေကြရသည် ဖြစ်ခြင်းကြောင့် နိဗ္ဗာန် အကျိုးထိ ရရှိစေနိုင်သည်။

နိဗ္ဗာန် မရမီတွင် ဤဂါထာတော်ကို မပြတ် ရွတ်ဖတ် သရဇ္ဈာယ်နေခြင်းကြောင့် သမာဓိ-သမထ အာရုံ ပွားများသည် ဖြစ်ရာ နှောင့်ယှက်ဖျက်ဆီးတတ်သော ကံဆိုး ကံဟောင်းများ ပျောက်ပျက်၍ ကံကောင်းခြင်း အခွင့် လမ်းပွင့်၍ မြင့်တက် သော အကျိုးကို ရရှိစေနိုင်ပါသည်။

—၀—

# ၄၂-ခေတ်ကြီး ၄-ပါးဂါထာပါဠိ

စက္ခုမာစရ မာစိဏ္ဏော၊ ဓမ္မညူ ဓမ္မသာမိကော။
ဖလူပေတော ဖလဓရော၊ ဝရဒေါ ဒေတု မေ ဝရံ။

ခေတ်ကြီးလေးပါး ဂါထာတော်ကို နေ့စဉ် ရွတ်ဖတ်ခြင်းဖြင့် ကိုယ်ခန္ဓာ၏ ကြံ့ခိုင်ကျန်းမာမှု-ရောဂါဘယ ကင်းဝေးမှုနှင့် ကပ်ရောဂါများ၏ ဘေးမှ ကင်းဝေး စေနိုင်ပါသည်။ ကိုယ်ကျန်းမာမှုသာမက စိတ်လေလွင့်ခြင်း၊ ဦးခေါင်း မကြည်လင်ခြင်း၊ တွေဝေခြင်းတို့ကိုပင် ပျောက်ကင်းစေသော ဂါထာဖြစ်သည်။

အချို့က စမကြီး ၄-လုံး ဂါထာဟုခေါ်သည်။ ဂါထာအစလုံးများကို ကောက်ယူလျှင် စ-ဓ-ဖ-ဝ ဖြစ်သဖြင့် လောကီသိဒ္ဓိလမ်းတွင်သုံးသော အခြေခံ စမကြီး ဖြစ်သဖြင့် အကျိုးကျေးဇူး များသော ဂါထာ ဖြစ်သည်။

—○—

# ၄၃-ဗုဒ္ဓါဒိဂုဏာနုဿရ ဂါထာပါဠိ

သြောင်း-အစိန္တေယျ-အစိန္တေယျ-အစိန္တေယျ-အပ္ပမေယျ-အပ္ပမေယျ- အပ္ပမေယျ- ဉာဏ သမ္ပန္နဿ- ဘဂဝတော-အရဟတော သမ္မာ သမ္ဗုဒ္ဓဿ ဗာတ္တိံ သ မဟာ ပုရိသ လက္ခဏာ နုဘာဝေန အသီတာ နုဗျဉ္ဇနာ နုဘာဝေန

ဆဗ္ဗဏ္ဏာရံသိယာနုဘာဝေန သီလ သမာဓိ ပညာ နုဘာဝေန
မဂ္ဂ ဖလ ဉာဏာနုဘာဝေန သဗ္ဗညုတ ဉာဏာနုဘာဝေန
စတုသစ္စဉာဏာနုဘာဝေန စတုဝေသာရဇ္ဇဉာဏာနုဘာဝေန
ဆ အ-သာ ဓာ ရ ဏ ဉာဏာ နုဘာဝေန ဆဠာဘိညာ
နုဘာဝေန အဋ္ဌသမာပတ္တိယာနုဘာဝေန နဝလောကုတ္တရဓမ္မာ-
နုဘာဝေန စတုရာသီတိ သဟဿာနိ ဓမ္မက္ခန္ဓာ နုဘာဝေန-
ဗုဒ္ဓ ဂုဏာ နုဘာဝေန ဓမ္မ ဂုဏာ နုဘာဝေန သံဃ ဂုဏာ
နုဘာဝေန ဒိဃာယုကော မယှံ ဟောတု သဗ္ဗရောဂါ ဝိနဿန္တု
